# ဥပုသ်အပတ်စဉ်(၁)
# ဇန်နဝါရီလ(၃)ရက်
# "စနစ်ကျသော စေတနာ"

စနစ်ကျသောစေတနာဆိုသည်မှာကျွန်ုပ်တို့ဝင်ငွေ၏ရာခိုင်နှုန်းကိုကမ္ဘာတစ်ဝှမ်းရှိဘုရားသခင်၏မရှိမဖြစ်လိုအပ်သောသာသနာလုပ်ငန်းအတွက်ရည်ရွယ်ချက်ရှိရှိနှင့်စနစ်တကျလှူဒါန်းရန်အာရုံစိုက်သည့်ဆယ်ဖို့တစ်ဖို့နှင့်ပူဇော်သက္ကာများကိုပြန်လည်ပေးအပ်သည့်နည်းလမ်းတစ်ခုဖြစ်သည်။

အချိုးကျဆယ်ဖို့တစ်ဖို့နှင့်ပူဇော်သက္ကာများ၏ပုံစံသည်သမ္မာကျမ်းစာတစ်လျှောက်တွင်မူလအစရှိပြီးရှေ့တန်းဧဝံဂေလိတရားဟောပြောသူများကိုအစောပိုင်းအက်ဒ်ဗင်းတစ်ရှေ့ဆောင်များကမြှင့်တင်ပေးခဲ့သည်။

အယ်လင်ဝှိုက်က"ဤပေးကမ်းခြင်းကိစ္စကိုအလိုအလျောက်လွှတ်ထားခြင်းမဟုတ်ပါ။ဘုရားသခင်သည်ကျွန်ုပ်တို့အားရင်းနှင့်ပတ်သက်၍တိကျသောညွှန်ကြားချက်များပေးထားသည်။ဆယ်ဖို့တစ်ဖို့ကိုခွဲဝေပြီးနောက်လက်ဆောင်များနှင့်ပူဇော်သက္ကာများကို'ဘုရားသခင်သည်သင့်အားကြီးပွားစေတော်မူသည့်အတိုင်းခွဲဝေပေးပါ" (The Review & Herald မေလ ၉ ရက်၊ ၁၈၉၃)

စနစ်ကျသောစေတနာသည် ယနေ့ခေတ်တွင်အရင်ကထက်ပင် ပိုပါသေး၏။ အဘယ်ကြောင့်ဆိုသော်ဒေသခံဘုရားကျောင်းများမှသည်တစ်ကမ္ဘာလုံး၏ဧဝံဂေလိတရားဟောပြောခြင်းလုပ်ငန်းများအထိသာသနာပြုလုပ်ငန်းအားလုံးကိုသင်၏ပေးကမ်းမှုဖြင့်ကျယ်ပြန့်စေလျက်ရှိပါသည်။

**တောင်းဆိုချက်**။ ။ ၂၀၂၆ ခုနှစ်ရဲ့ပထမဆုံးဥပုသ်နေ့မှာ ကျွန်ုပ်တို့ရဲ့ဆယ်ဖို့တစ်ဖို့ကိုဘုရားသခင်ထံပြန်ပေးပြီးပူဇော်သက္ကာတွေကိုလည်းစနစ်ကျသောစေတနာဖြင့်ဆက်ကပ်ကြပါစို့။၂၀၂၆ခုနှစ်တစ်လျှောက်လုံးကျွန်ုပ်တို့ဝင်ငွေ၏ရာခိုင်နှုန်းတစ်ခုကိုသီးသန့်ခွဲထားပြီးဒေသတွင်းနှင့်ကမ္ဘာတစ်ဝှမ်းလုံးတွင်ရှိသောဘုရားသခင်၏သာသနာပြုလုပ်ငန်းများအတွက်စနစ်တကျလှူဒါန်းကြပါစို့။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို သစ္စာရှိရှိ စီမံခန့်ခွဲပေးမှုအတွက်အထူးကျေးဇူးတင်ပါ၏။

## ဥပုသ်အပတ်စဉ် (၂)
## ဇန်နဝါရီလ (၁၀) ရက်
## "ယေရှုသည်စုဆောင်း၏၊ ကျွန်ုပ်သည်သုံးစွဲ၏"

ယေရှုဟာစုဆောင်းသူလား၊သုံးစွဲသူလား။သူဟာရက်ရောမှုရဲ့ပြယုဂ်၊ကြီးမားတဲ့ပေးကမ်းသူဖန်ဆင်းရှင်သခင်ယေရှုအနေနဲ့အချိန်တွေ၊နေ့ရက်တွေကိုကြိုက်သလိုသုံးစွဲခွင့်ရှိပေမယ့်သူဟာအလွန်အကျွံသုံးစွဲသူဖြစ်တယ်ဆိုတဲ့ရည်ညွှန်းချက်တစ်စုံတစ်ရာမှကျမ်းစာထဲမှာမပါဝင်ပါဘူး။

လူ၅၀၀၀ကျော်အတွက်အကန့်အသတ်မရှိကြွယ်ဝမှုကိုရက်ရောစွာပြသခဲ့တဲ့အခါမှာတောင်မှသူဟာဖြုန်းတီးခြင်းမရှိပါဘူး။ မုန့်လုံးတွေနဲ့ငါးတွေကိုသာမက နောက်ဆုံးအပိုင်းအစတွေကိုပါစုဆောင်းဖို့ တပည့်တော်တွေကို မှာကြားခဲ့ပါတယ်။ "ဘာမှမဖြုန်းတီးဖို့" (ယောဟန်၆း၁၂၊NLT)မိတ်ဆွေစဉ်းစားမိလား။သခင်ယေရှုဟာအစားအစာတွေကိုချက်ချင်းထောက်ပံ့ပေးနိုင်တယ်ဆိုတာသက်သေပြပြီးတဲ့နောက်မှာပဲတောင်း(၁၂)တောင်းကိုချက်ချင်းစုဆောင်းခဲ့ပါတယ်။

ဘုရားသခင်ကကျွန်ုပ်တို့ကိုနေ့စဉ်၊လစဉ်၊နှစ်စဉ်၊ကြွယ်ဝစွာသောကောင်းချီးများပေးတဲ့အခါကျွန်ုပ်တို့ဘဝရဲ့ အချို့နေရာတွေမှာဖြုန်းတီးဖို့ ဒါမှမဟုတ် အလွန်အကျွံသုံးစွဲဖို့ဘယ်လောက်လွယ်ကူသလဲဆိုတာကိုသိနိုင်ပါတယ်။သခင်ယေရှုသည်စနစ်တကျရှိသကဲ့သို့ကျွန်ုပ်တို့လည်းစနစ်တကျရှိသည့်သည်မဟုတ်လော။

**တောင်းဆိုချက်**။ ။ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့ကိုပြန်ပေးပြီးယနေ့သင်၏ကတိတော်ယဇ်များကိုပေးဆပ်သည်နှင့်အမျှ၊လူတို့ကိုကယ်တင်ခြင်းတွင်ယေရှုနှင့်အတူပူးပေါင်းဆောင်ရွက်နိုင်ပါသည်။ကျွန်ုပ်တို့၏ကောင်းချီးမင်္ဂလာများကိုအသုံးမဝင်သောအရာများတွင်အလဟဿဖြုန်းတီးခဲ့သည့်အချိန်များအတွက်ဘုရားသခင်ထံခွင့်လွှတ်ခြင်းကိုတောင်းခံကြပါစို့။ကိုယ်တော်ပေးသည့်အတိုင်းပေးကမ်းရန်နှင့်ကိုယ်တော်ကယ်တင်သည့်အတိုင်းကယ်တင်ရန်ကိုယ်တော်၏အကူအညီကိုတောင်းခံကြပါစို့။

## ဥပုသ်အပတ်စဉ် (၃)
## ဇန်နဝါရီလ (၁၇)ရက်
## “Larry’s Lions (လာရီရဲ့ခြင်္သေ့)”

စာတန်ဟာလှည့်စားမှုရဲ့အရှင်သခင်ဖြစ်တယ်လို့သမ္မာကျမ်းစာကကျွန်ုပ်တို့ကိုပြော ပြပါတယ်။သူဟာအမှန်တရားကိုအမှားလို့ထင်စေပြီးအမှားကိုအမှန်တရားလို့ထင်စေကာ၊ တစ်ကမ္ဘာလုံးကို ရှုပ်ထွေးစေသူဖြစ်ပါတယ်။

လောကီအောင်မြင်မှု၊လူမှုမီဒီယာနောက်လိုက်ထောင်ပေါင်းများစွာဒါမှမဟုတ်သင့် သူငယ်ချင်းတွေထက်ပိုပြီးဝင်ငွေရှာနိုင်၊ ခရီးသွားနိုင်ခြင်းအားဖြင့်သူ့ရဲ့ ကျေနပ်မှုဆိုတဲ့ကမ်း လှမ်းမှုတွေဟာသခင်ယေရှုပေးတဲ့စစ်မှန်တဲ့ငြိမ်းချမ်းမှုနဲ့စစ်မှန်တဲ့ကျေနပ်မှုတွေကိုနှိုင်းယှဉ် လို့မရတဲ့ ရက်စက်တဲ့အတုအယောင်တွေသာဖြစ်ပါတယ်။

ဒီဇာတ်လမ်းကိုLarryနဲ့Billဆိုတဲ့လူနှစ်ယောက်ကအလုပ်ပြုတ်ပြီးအလုပ်ရှာမတွေ့ တဲ့အကြောင်းပြောပြထားပါတယ်။ Bill ဟာတိရစ္ဆာန်ရုံကဖမ်းမိထားတဲ့ခြင်္သေ့တစ်ကောင်ကို ဒေါ်လာ၅၀၀၀ပေးဆောင်တဲ့ကြော်ငြာတစ်ခုကိုမြင်လိုက်ပါတယ်။ ဒါဟာ အန္တရာယ်များတဲ့အ လုပ်အကိုင်တစ်ခုပါပဲ၊ဒါပေမယ့်သူတို့ဟာတောခြင်္သေ့တွေကိုဖမ်းဆီးတဲ့အလုပ်ကို ကြိုးစားဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

သူတို့ဟာအပြစ်ကင်းစင်တဲ့သိုးသငယ်တစ်ကောင်၊အိမ်လုပ်လှောင်အိမ်တစ်ခုနဲ့သူ တို့ရဲ့ဘဏ္ဍာရေးရည်မှန်းချက်အားလုံးကိုပြသထားတဲ့ ကွန်ပျူတာစာရင်းဇယားတစ်ခုနဲ့အတူ ခြင်္သေ့နယ်မြေထဲကိုထွက်သွားခဲ့ကြပါတယ်။ ကျောက်ဆောင်စွန်းတစ်ခုကို ဖြတ်ကူးတဲ့အခါ လှောင်အိမ်ကျိုးသွားပြီး ဆာလောင်နေတဲ့ခြင်္သေ့တွေနဲ့ပြည့်နေတဲ့၊ မတ်စောက်တဲ့နံရံတွေနဲ့ ပြည့်နေတဲ့၊တွင်းထဲကိုလျှောကျသွားခဲ့ပါတယ်။လယ်ရီကသူတို့ရဲ့အခြေအနေကိုမြန်မြန်အ ကဲဖြတ်ပြီး “ဘီလ်၊ ငါတို့ချမ်းသာတယ်၊ငါတို့ချမ်းသာတယ်” လို့အော်ပြောလိုက်တယ်။ သင် လှည့်ဖြားမခံပါနဲ့။ စာတန်ဟာ”ဟောက်သောခြင်္သေ့လိုပဲတစ်စုံတစ်ယောက်ကိုကိုက်စားဖို့ လှည့်လည်ရှာဖွေနေတယ်လို့ပြောထားပါတယ်” (၁ပေတရု ၅း၈၊NLT)။

**တောင်းဆိုချက်**။ ။ဘုရားသခင်၏ကွယ်ကာမှုနှင့်သခင်ယေရှုကျွန်ုပ်တို့အားရက်ရော စွာပေးသနားတော်မူသော ကောင်းချီးမင်္ဂလာများကြောင့် ကိုယ်တော်ထံဆက်ကပ်ခြင်းတွင် သစ္စာရှိရှိလုပ်ဆောင်ရန် ၎င်းကကျွန်ုပ်တို့အားလှုံ့ဆော်ပေးပါစေ။ ယနေ့ သင်၏သစ္စာရှိစွာပေး ကမ်းမှုအတွက်ကျေးဇူးတင်ပါ၏။

## ဥပုသ်အပတ်စဉ်(၄)
## ဇန်နဝါရီလ(၂၄)ရက်
## "ဆယ်ဂဏန်း၏နည်းဥပဒေသ"

ဆယ်ဂဏန်း၏စည်းမျဉ်းအကြောင်းကြားဖူးပါသလား။ငင်းသည်ရှေးခေတ်ဘဏ္ဍာရေးဆိုင်ရာအကြံဉာဏ်အချို့ကိုအခြေခံထားပြီးယနေ့တိုင်ကမ္ဘာတစ်ဝှမ်းရှိလူအများအပြားကလိုက်နာကျင့်သုံးနေကြဆဲဖြစ်သည်။ ဤဆယ်ဂဏန်း၏ စည်းမျဉ်းစနစ်ကို အသုံးပြုခြင်းဖြင့်မိသားစုအချို့သည်ငင်းတို့၏ငွေကြေးကိုပညာရှိရှိစီမံခန့်ခွဲနိုင်ပြီးငွေကြေးလွတ်လပ်ခွင့်ကိုရှာဖွေနိုင်ခဲ့သည်။ဤကဲ့သို့ဘုရားသခင်ကသင့်အားဝင်ငွေပေးသောအခါ၊ပထမဆုံးငွေချေမှုများကို ဆယ်ဂဏန်းအမျိုးအစားသုံးမျိုးအားဖြင့် ပေးသင့်သည်။

*ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့၁၀%- ငင်းသည်သစ္စာစောင့်သိမှု၊သစ္စာရှိမှုနှင့်ကျေးဇူးတင်မှုတို့၏ လုပ်ရပ်တစ်ခုဖြစ်သည်။ သင်၌ရှိသမျှသည်ဘုရားသခင်ထံမှလာကြောင်းနှင့် ပထမ ၁၀% သည်အမှန်တကယ်တွင်ကိုယ်တော်ထံတော်၌ရှိနှင့်ပြီးဖြစ်ကြောင်းအသိအမှတ်ပြုခြင်းဖြစ်ပြီး၊ ထို့ကြောင့်သင်သည်ငင်းကိုကိုယ်တော်ထံသစ္စာရှိစွာ ပြန်ပေးခြင်းဖြစ်ပါသည်။

*ပူဇော်သက္ကာအဖြစ် ၁၀%ကို ကတိတော်ပူဇော်သက္ကာများ၊အလှူငွေများနှင့်လက်ဆောင်များအဖြစ်ပေးထားသည်။ငင်းသည်ဘုရားသခင်၏လက်ဆောင်များကိုသင်အသိအမှတ်ပြုပြီးရယူခြင်းထက်ပေးကမ်းခြင်းသည်ပို၍ကောင်းချီးခံစားရကြောင်း ပြသခြင်းဖြစ်ပါသည်။

*ငွေစုရန်အတွက်၁၀%- ငင်းသည်ပေါ်ပေါက်လာနိုင်သည့်အနာဂတ်လိုအပ်ချက်များအတွက်ပိုမိုကောင်းမွန်စွာပြင်ဆင်နိုင်စေရန်အတွက်သင်ကိုယ်တိုင်နှင့်သင့်မိသားစုအတွက်လက်ဆောင်တစ်ခုဖြစ်သည်။စစ်မှန်တဲ့ငွေကြေးလွတ်လပ်ခွင့်ဟာဘုရားသခင်ထံဆယ်ဖို့တစ်ဖို့ပြန်ပေးခြင်း၊သူတစ်ပါးကိုပေးကမ်းခြင်း၊ပညာရှိရှိစုဆောင်းခြင်းနှင့်ဂရုတစိုက်သုံးစွဲခြင်းတို့ကနေတစ်ဆင့်ရရှိခြင်းဖြစ်ပါတယ်။

**တောင်းဆိုချက်**။ ။ သင့်ရဲ့ပထမဆုံးနဲ့အကောင်းဆုံးကို သခင်ဘုရားထံပေးဆပ်ဖြစ်ပါသလား။ဘုရားသခင်ကသူ့ရဲ့သားသမီးအားလုံးကိုပေးဆပ်ရာမှာပုံမှန်နဲ့စနစ်တကျရှိဖို့ဖိတ်ခေါ်ပါတယ်။ ဘုရားသခင်ကိုဦးစားပေးသူတွေဟာ သူတို့ရဲ့သစ္စာရှိမှုအတွက် ဆုချီးမြှင့်ခံရမယ်လို့သမ္မာကျမ်းစာကသွန်သင်ပါတယ်။ဒီနေ့ဘုရားသခင်ရဲ့အမှုတော်အတွက်ရက်ရောစွာပေးဆပ်တဲ့သင့်ကိုကျေးဇူးတင်ပါတယ်။

## ဥပုသ်အပတ်စဉ်(၅)
## ဇန်နဝါရီလ(၃၁)ရက်
## "လူတွေချစ်ပြီး၊ ပစ္စည်းဥစ္စာများကိုအသုံးပြုပါ"

ယနေ့ကျွန်ုပ်တို့၏ဆယ်ဖို့တစ်ဖို့နှင့်ကျွန်ုပ်တို့၏ပူဇော်သက္ကာများကိုပေးဆောင်ရန်ပြင်ဆင်နေချိန်တွင်၊ဤပညာရှိစကားပုံကိုသတိရပါ။"အရာဝတ္ထုများကိုချစ်ပြီးလူများကိုအသုံးပြုသောခေတ်တွင်ခရစ်ယာန်များသည်လူများကိုချစ်ပြီးအရာဝတ္ထုများကိုအသုံးပြုရန်ခေါ်ဆိုခံရကြသည်။

ယေရှုသည်၎င်းကိုမည်သို့လုပ်ဆောင်ရမည်ကိုကျွန်ုပ်တို့အားပြသခဲ့သည်။မျက်မမြင်တစ်ဦးကိုချစ်ရန်ရွှံ့ကိုအသုံးပြုခဲ့သည်။ဖောက်ပြန်သောမိန်းမကိုချစ်ရန်သဲကိုအသုံးပြုခဲ့သည်။ရေနှင့်မြေအိုးများကိုအသုံးပြု၍မင်္ဂလာဆောင်ပြီးစဇနီးမောင်နှံအချို့ကိုချစ်ခဲ့သည်။ဆာလောင်နေသောလူအုပ်ကြီးကိုချစ်ရန်မုန့်နှင့်ငါးကိုအသုံးပြုခဲ့သည်။သွေးထွက်နေသောအမျိုးသမီးတစ်ဦးကိုချစ်ရန် သူ၏ အဝတ်ကိုအသုံးပြု ခဲ့သည်။

နောက်ဆုံးတွင်သူသည်လက်ဝါးကပ်တိုင်တစ်ခုနှင့်သံချောင်းသုံးချောင်းကိုအသုံးပြု၍မေတ္တာတံတားတစ်စင်း တည်ဆောက်ခဲ့သည်။

ယေရှုသည်လူများကိုချစ်ရန်အရာဝတ္ထုများကိုအသုံးပြုခဲ့သည်။ သို့သော်အံ့သြဖွယ်ကောင်းသောများပြားလာမှု၏ အလှည့်အပြောင်းတွင် ယေရှုသည်သူချစ်သော လူများကိုလည်းအသုံးပြုသည်။အခြားသူများကိုချစ်ရန်၊လူတိုင်းကိုချစ်ရန်၊ကျွန်ုပ်တို့၏ရန်သူများ၊မတရားစွာကျွန်ုပ်တို့ကိုအသုံးပြုခဲ့သောလူများကိုပင်ချစ်ရန်အသုံးပြုသည်။

သူ၏ဘဏ္ဍာစိုးများအနေဖြင့်ဘုရားသခင်သည်လူများကိုယေရှုထံသို့ပို့ဆောင်ရန်ကျွန်ုပ်တို့၏အချိန်၊အရည်အချင်းများ၊ဘဏ္ဍာများနှင့်သက်သေခံချက်များကိုအသုံးပြုသင့်သည်။ဘုရားသခင်၏စပျစ်ဥယျာဉ်တွင်လုပ်ဖော်ကိုင်ဖက်များဖြစ်ရခြင်းမှာမည်မျှအခွင့်ထူးကြီးပါသနည်း။

**တောင်းဆိုချက်**။ ။ ဘုရားသခင်ကိုအသုံးပြုရန်လုံလောက်အောင်ချစ်ပါသလား။ ယနေ့သင်၏၁၀% ဆယ်ဖို့တစ်ဖို့ကိုပြန်ပေးသောအခါ၊ လူများကိုချစ်ရန်သင်၏အိမ်၊ငွေကြေး၊အရည်အချင်းများနှင့်အချိန်တို့ကိုမည်သို့အသုံးပြုနိုင်မည်ကိုသင့်ကိုယ်သင်မေးပါ။၎င်းသည်လုပသောဘဝနေထိုင်မှုပုံစံတစ်ခုဖြစ်ကာဘုရားသခင်၏နည်းလမ်းလည်းဖြစ်သည်။ယနေ့သင်၏သစ္စာရှိစွာပေးကမ်းမှုအတွက်ကျေးဇူးတင်ပါ၏။

## ဥပုသ်အပတ်စဉ် (၆)
## ဖေဖော်ဝါရီလ (၇)ရက်
## “ခရစ်ယာန်များကို အာရုံစိုက်ခြင်း

သမ္မာကျမ်းစာထဲကကျမ်းပိုဒ်တချို့ဟာလုံးဝနေရာမကျဘူးလို့ထင်ရပါတယ်။ဥပမာအားဖြင့်၊ယေရှုကမဿဲ၆မှာ“မျက်စိသည်ခန္ဓာကိုယ်၏ မီးခွက်ဖြစ် သည်”(အခန်းငယ်၂၂၊NIV)လို့ဘာကြောင့်ရှင်းပြခဲ့တာလဲ။”မြေကြီးပေါ်မှာဘဏ္ဍာကိုမစုစောင်းကြနှင့်””ဘုရားသခင်နှင့်ငွေကြေးနှစ်မျိုးလုံးကိုအစေမခံနိုင်”(အခန်းငယ်၁၉၊၂၄၊NIV)လိုမျိုးရုပ်ဝတ္ထုဝါဒကိုပုတ်ခတ်တဲ့ကျမ်းပိုဒ်တွေရဲ့အလယ်မှာ”မျက်စိသည်ခန္ဓာကိုယ်၏မီးခွက်ဖြစ်သည်”လို့ဘာကြောင့်ရှင်းပြခဲ့တာလဲ။

ကျွန်ုပ်တို့ရဲ့မြေကြီးပေါ်ကဘဏ္ဍာတွေနဲ့ခရစ်တော်ရဲ့”ဘုရားသခင်နှင့်ငွေကြေးနှစ်မျိုး လုံးကိုအစေမခံနိုင်” ဆိုတဲ့ဖော်ပြချက်တွေကကျွန်ုပ်တို့ရဲ့မျက်လုံးတွေနဲ့ ဘာဆိုင်လို့လဲ။

ကျွန်ုပ်တို့ရဲ့မျက်လုံးတွေနဲ့ဇိမ်ခံကြော်ငြာတွေကိုကြည့်တာကဘုရားသခင် ကျွန်ုပ်တို့ကိုအပ်နှင်းထားတဲ့ ရုပ်ဝတ္ထုကောင်းချီးတွေကို ဘယ်လိုအသုံးပြုသလဲဆိုတာကို တိုက်ရိုက်သက်ရောက်မှုရှိနိုင်ပါတယ်။ဒါပေမယ့်ယေရှုကကျွန်ုပ်တို့ရဲ့ညာဘက်မျက်လုံးနဲ့ကောင်းကင်ဘဏ္ဍာတွေကိုကြည့်ပြီးဘယ်ဘက်မျက်လုံးနဲ့မြေကြီးဘဏ္ဍာတွေကိုကြည့်ကာသူ့ရဲ့လမ်းစဉ်အတိုင်းလျှောက်လှမ်းခြင်းမရှိတဲ့မိုက်မဲမှုကိုသတိပေးနေတာရောဖြစ်နိုင်ပါသလား။အဲဒီလိုလုပ်တဲ့အခါ“အာရုံလွှဲထားတဲ့ခရစ်ယာန်”တစ်ယောက်ဖြစ်လာပါတယ်။ဒါဆိုရင်အရေးကြီးတဲ့ထာဝရအရာတွေကိုရှင်းရှင်းလင်းလင်း အာရုံစိုက်နိုင်မှာမဟုတ်တော့ ပါဘူး။

ယေရှုသည် ကျွန်ုပ်တို့၏လမ်းခရီးဖြစ်ရုံသာမက လမ်းခရီးအတွက်အလင်းလည်းဖြစ်ပြီးကိုယ်တော်နောက်သို့လိုက်ရာတွင်ရှင်းရှင်းလင်းလင်းမြင်နိုင်ရန်မျက်စဉ်းဆေးရည်ကိုပင်ပေးသနားတော်မူသည့်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါ၏။

**တောင်းဆိုချက်** ။ ။ကျွန်ုပ်တို့၏ဘဏ္ဍာများကိုကောင်းကင်ဘုံ၌ထာဝရခံစားနိုင်ဖို့ပျော်ရွှင်စွာစုဆောင်းကြပါစို့။ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့ကိုပြန်ပေး၍ပူဇော်သက္ကာများကိုပေးဆပ်သည်နှင့်အမျှ၊ကျွန်ုပ်တို့၏ကောင်းချီးမင်္ဂလာအားလုံးဆင်းသက်လာသည့်ကျွန်ုပ်တို့၏ကယ်တင်ရှင်ယေရှုခရစ်တော်ကိုမျှော်ကြည့်ကြပါစို့။ ကျေးဇူးတင်ပါ၏။ သခင်ယေရှု။

## ဥပုသ်အပတ်စဉ်(၇)
## ဖေဖော်ဝါရီလ(၁၄)ရက်
## "သင်၌ဘာမှမရှိ သို့မဟုတ် အရာအားလုံးရှိပါသလား။"

တပည့်တော်တွေကယေရှုကို"သခင်၊ကျွန်ုပ်တို့ကိုလက်ချည်းသက်သက် ထွက်သွားစေချင်တာသေချာပါသလား။ ရွှေငွေ၊ ကြေးနီတို့ကိုမပြောပါ။ အိတ်၊အဝတ်အပိုလေးတွေနဲ့ဖိနပ်တစ်ရံတောင်မယူရဘူးလားလို့မေးခဲ့ကြမှာဖြစ်တယ်။ယေရှုက"ဟုတ်တယ်"သင်တို့သွားပါ။ဖျားနာသူတွေကိုကုသပေးပါ။နူနာစွဲသူတွေကိုသန့်ရှင်းစေပါ။သေသူတွေကိုထမြောက်စေပါ။နတ်ဆိုးတွေကိုလည်းနှင်ထုတ်ပါ။" လို့ ပြန်ဖြေခဲ့တယ်။

မဿဲခရစ်ဝင်ကျမ်းမှာ ခရစ်တော်ရဲ့ယုံကြည်ခြင်းဆိုင်ရာ မိန့်မှာချက်ကိုမျက်မြင်သက်သေအဖြစ်ဖတ်ရှုနိုင်ပါတယ်။ ယေရှုက တပည့်တော်တွေကို "ဘာမှ/အရာအားလုံး" လို့ ဖော်ပြနိုင်တဲ့အရာတစ်ခုပေးခဲ့ပါတယ်။ ၎င်းအရာကတော့၊ သူတို့မှာဘာမှ မကိုင်ဆောင်ပေမယ့်ယေရှုကိုယုံကြည်ခြင်းအားဖြင့်အရာအားလုံးရှိပါတယ်ဆိုတဲ့သမ္မာကျမ်းစာကသွန်ထားတဲ့ယုံကြည်ခြင်းကိုပြောတာဖြစ်ပါတယ်။နှစ်အနည်းငယ်အကြာမှာပေတရုနဲ့ယောဟန်တို့ဟာသန့်ရှင်းသောဝိညာဉ်တော်ပြည့်ဝတဲ့ အသက်တာနဲ့ဗိမာန်တော်ဆီကို လမ်းလျှောက်သွားနေတုန်းခြေဆွံ့သူတစ်ယောက်ကဒင်္ဂါးပြားတချို့တောင်းလျှောက်ခဲ့ပါတယ်။ပေတရုက"ငွေနဲ့ရွှေကိုငါမပိုင်ဆိုင်ပေမယ့်ငါ့မှာရှိတာကိုပေးမယ်။နာဇရက်မြို့သားယေရှုခရစ်ရဲ့နာမတော်အားဖြင့် ထပြီးလျှောက်သွားပါ" လို့ပြောခဲ့ပါတယ် (တမန် ၃း၆)။

ထိုသူသည်ခုန်ပေါက်ကာ ဘုရားသခင်ကိုချီးမွမ်းလျက် ထွက်သွားလေ၏။ ယနေ့ခေတ်တွင်"နာဇရက်မြို့သားယေရှုခရစ်၏နာမ၌ထ၍လျှောက်လော့"ဟုပြောရန်ခက်ခဲနေပါသည်။ ကျွန်ုပ်တို့၏ငွေကြေးသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုခိုးယူသွားနေပြီလား။ ပေတရု၏ပိုက်ဆံအိတ်တွင်ဘာမှ/အရာအားလုံးအပြည့်ရှိမနေသော်လည်းသူသည်အံ့ဖွယ်အမှုတစ်ခုကို ဝယ်ယူရန် အသုံးပြုနိုင်ခဲ့သည်။

**တောင်းဆိုချက်**။ ။ယခုဘုရားသခင်၏၁၀%ကိုဆယ်ဖို့တစ်ဖို့အဖြစ်ပြန်ပေး၍ကျွန်ုပ်တို့၏ကတိတော်ပူဇော်သက္ကာများကိုပေးဆပ်သည်နှင့်အမျှကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုကန့်သတ်ထားသည့်မည်သည့်အရာ၏ချည်နှောင်မှုများကိုမဆိုဖြတ်တောက်ပေးရန်ဘုရားသခင်ထံတောင်းဆိုကြပါစို့။ ယနေ့သင်၏ သစ္စာရှိရှိပေးဆပ်မှုအတွက် ကျေးဇူးတင်ပါ၏။

## ဥပုသ်အပတ်စဉ်(၈)
## ဖေဖော်ဝါရီလ(၂၁)ရက်
## “ယုံကြည်ခြင်း၏စွမ်းအားနယ်ပယ်”

၁၉၁၅ခုနှစ်တွင် အယ်လင်ဂျီဝိုက်အမည်ရှိအမျိုးသမီးတစ်ဦးကွယ်လွန်သွားခဲ့သည်။ သူမသည်ကျန်းမာရေး၊ပညာရေး၊ဓမ္မပညာ၊မိသားစု၊ဘုရားဝတ်ပြုခြင်းဘဝ၊ဆုတောင်းခြင်းနှင့်ခေါင်းဆောင်မှုတို့အကြောင်းနှစ်ပေါင်း၇၀ကြာပြောဆိုရေးသားခဲ့သည်။ သူမ၏စာပေများကိုယခုအခါဘာသာစကား (၁၅၀)ကျော်ဖြင့်ရရှိနိုင်ပြီး အခြားအမေရိကန်စာရေးဆရာများထက်ပိုမိုများပြားသည်။သူမသည်ဆောင်းပါး(၅၀၀၀)ကျော်နှင့်စာအုပ်(၄၀)ကျော်ရေးသားခဲ့ပြီးလက်ရေးစာမျက်နှာ(၁၀၀၀၀၀)ကျော်ကိုချန်ထားခဲ့သည်။အချို့ကသူမ၏အထိရောက်ဆုံးစာပိုဒ်များထဲမှာတစ်ခုမှာအောက်ပါစာပိုဒ်ဖြစ်သည်ဟုဆိုကြသည်။၎င်းသည်ကျွန်ုပ်တို့၏ဘဝတစ်ခုလုံးကိုလွှမ်းခြုံထားသည်။“ခမည်းတော်၏ရှေ့မှောက်တော်သည်ခရစ်တော်ကိုဝန်းရံထားပြီး၊လောက၏ကောင်းချီးမင်္ဂလာအတွက်အဆုံးမဲ့မေတ္တာတော်ကိုခွင့်ပြုသည့်အရာမှလွဲ၍မည်သည့်အရာမျှကိုယ်တော်အပေါ်သို့မကျရောက်ခဲ့ပါ။ ဤအရာသည် ကိုယ်တော်၏နှစ်သိမ့်မှုအရင်းအမြစ်ဖြစ်သည်။ခရစ်တော်၏ဝိညာဉ်တော်ဖြင့်ပြည့်နှက်သောသူသည်ခရစ်တော်၌တည်၏။သူ့ထံသို့လာသမျှသည်ခရစ်တော်ထံမှလာသည်။ခရစ်တော်သည်သူ၏အကာအကွယ်ဖြစ်သောကြောင့်မည်သည့်အရာမျှသူ့ကိုမထိနိုင်ပါ။ခွင့်ပြုထားသော”အရာအားလုံး”သည်”ဘုရားသခင်ကိုချစ်သောသူတို့အဖို့ကောင်းကျိုးအတွက်အတူတကွလုပ်ဆောင်ကြသည်။” ရောမ၈း၂၈။ မည်မျှ အံ့သြဖွယ် ကောင်းသောကတိတော်ပါတကား။

ခရစ်တော်နှင့်အတူလျှောက်လှမ်းသောအခါ၊ရန်သူကကျွန်ုပ်တို့အားထိုးနှက်ချက်တိုင်းသည်ယေရှုအပေါ်သို့ဦးစွာကျရောက်ပြီးကျွန်ုပ်တို့၏ကောင်းကျိုးအတွက်အတူတကွလုပ်ဆောင်မည့်စိန်ခေါ်မှုများကိုသာကိုယ်တော်က ကျော်လွှားခွင့်ပြုသည်။

**တောင်းဆိုချက်**။ ။ယခုဘုရားသခင်၏ဆယ်ဖို့တစ်ဖို့ကိုပြန်ပေး၍ကျွန်ုပ်တို့၏ကတိတော်နှင့်ဆိုင်သောပူဇော်သက္ကာများကိုပုံမှန်နှင့်စနစ်တကျပေးဆပ်ပါဝင်ရသည်နှင့်အမျှဝမ်းမြောက်ပြီးကျေးဇူးတင်သောနှလုံးသားဖြင့်ဆက်ကပ်လုပ်ဆောင်ကြပါစို့။ ခရစ်တော်၌အသက်ရှင်ကာခရစ်တော်၏ဝိညာဉ်တော်အားဖြင့်ကျွန်ုပ်တို့လျှောက်လှမ်းသောအခါကျွန်ုပ်တို့၏ငွေကြေးအတွက်မည်သည့်အရာကိုမျှကြောက်စရာမရှိပါ။ယနေ့သင်၏သစ္စာရှိရှိပေးဆပ်မှုအတွက် အထူးကျေးဇူးတင်ပါ၏။

# ဥပုသ်အပတ်စဉ်(၉)
## ဖေဖော်ဝါရီလ(၂၈)ရက်
## “ပေးလိုက်ပါ၊ သွေးပေါင်ချိန်ကျသွားမည်”

ယေရှုက ”ပေးကမ်းပါ၊ သင်လက်ခံရရှိလိမ့်မည်။ သင်၏လက်ဆောင်သည်အပြည့်အဝပြန်၍သင့်ထံသို့ပြန်လာလိမ့်မည်။ နောက်ထပ်နေရာလွတ်မရှိစေရန် ဖိချေပြီးလှုပ်ခါကာလျှံကျသည်အထိ သင့်ရင်ခွင်ထဲသို့ လောင်းထည့်လိမ့်မည်။ သင်ပေးသောပမာဏသည်သင်ပြန်ရမည့်ပမာဏကိုဆုံးဖြတ်ပေးလိမ့်မည်” (လုကာ၆း၃၈)ဟု မိန့်တော်မူခဲ့သည်။ အနည်းဆုံးနှစ်ပေါင်းနှစ်ထောင်ခန့်တမန်တော်ဝတ္ထု၂ဝး၃၅ပါ“ခံယူခြင်းထက်ပေးကမ်းခြင်းသည်သာ၍မင်္ဂလာရှိ၏” ဟူသောစကားများသည် မှန်ကန်ကြောင်းကျွန်ုပ်တို့သိပါ သည်။

ကမ္ဘာတစ်ဝှမ်းရှိသုတေသီများကရက်ရောသောပေးကမ်းခြင်းသည်ပျော်ရွှင်မှုတိုးပွားစေရန်အဓိကသော့ချက်အဖြစ်ဖော်ထုတ်ခဲ့ကြသည်။ဗြိတိသျှကိုလံဘီယာတက္ကသိုလ်မှသုတေသီများသည်၎င်းကိုစမ်းသပ်ခဲ့ကြသည်။သုံးပတ်ကြာအပတ်တိုင်း၎င်းတို့သည်သွေးတိုးရောဂါရှိသူများကိုဒေါ်လာ၂ဝတန်ငွေစက္ကူနှစ်ရွက်ပေးဆောင်ပြီးငွေကိုမည်သို့သုံးစွဲရမည်ကိုလမ်းညွှန်ပေးခဲ့ကြသည်။လူနာတစ်ဝက်ကိုငွေပေးကာကိုယ်တိုင်သုံးစွဲရန်ပြောထားသောကြောင့်အဝတ်အစားများ၊နှိပ်နည်းမှုများ၊မျက်နှာလိမ်းခရင်မ်များနှင့်အခြားကိုယ်ရည်ကိုယ်သွေးဇဟိုပြုလက်ဆောင်များကိုဝယ်ယူခဲ့ကြသည်။ကျန်လူနာတစ်ဝက်ကိုပိုက်ဆံသုံးပြီးအခြားသူတွေအတွက်ကူညီအသုံးပြုရန်ပြောခဲ့တယ်။မီးသတ်သမားတွေအတွက်မုန့်တွေဝယ်၊အိမ်နီးချင်းတွေအတွက်ကွတ်ကီးတွေဝယ်၊မြေးတွေအတွက်လက်ဆောင်တွေဝယ်၊ ပရဟိတအဖွဲ့တွေကိုလှူဒါန်းခဲ့ကြတယ်။ရလဒ်ကကိုယ်တိုင်သုံးစွဲသူတွေရဲ့သွေးပေါင်ချိန်ဟာပြောင်းလဲမှုရှိဘဲ၊လက်ဆောင်ပေးသူတွေရဲ့သွေးပေါင်ချိန်ကတော့သိသိသာသာကျဆင်းသွားကိုတွေ့ရပါသည်။

**တောင်းဆိုချက်။** ။အမှန်တကယ်ပဲ “ရယူခြင်းထက်ပေးကမ်းခြင်းသည်သာ၍မင်္ဂလာရှိ၏။” ဘုရားသခင်သည်အသင်းတော်အားကျွန်ုပ်တို့၏ဆင်းရဲသောမိသားစုများနှင့်အခြားသူများအတွက်ကြီးမားသောကောင်းချီးတစ်ခုဖြစ်သည့်ပေးကမ်းခြင်းစနစ်ကိုကောင်းချီးအဖြစ်ပေးတော်မူခဲ့သည်။ ယခု ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့ကိုပြန်ပေး၍ ကျွန်ုပ်တို့၏ကတိတော်ပူဇော်သက္ကာများကိုပျော်ရွှင်စွာပေးကမ်းရန်အချိန်ရောက်ပါပြီ။

# ဥပုသ်အပတ်စဉ်(၁၀)
# မတ်လ(၇)ရက်
# "လုံလောက်ပါပြီ"

ကျွန်ုပ်တို့၏ဝင်ငွေနှင့်စုဆောင်းငွေတို့နဲ့ပတ်သက်ပြီးကျွန်ုပ်တို့ကိုယ်ကိုမေးလေ့ရှိတဲ့အမေးများဆုံးမေးခွန်းတစ်ခုမှာ "ဘယ်လောက်ဆိုရင်လုံလောက်ပြီလဲ" ဆိုတာပါပဲ။ ဒါကအလွန်မှန်ကန်တဲ့မေးခွန်းတစ်ခုပါ။

ခရစ်ယာန်တစ်ယောက်က"အခုလုံလောက်ပြီ"လို့ပြောနိုင်တဲ့ငွေကြေးတန် ဖိုးရှိပါသလား။ကျွန်ုပ်တို့ရဲ့အသားတင်ပိုင်ဆိုင်မှုဟာကျွန်ုပ်တို့နေထိုင်တဲ့နိုင်ငံရဲ့နှစ်စဉ်အိမ်ထောင်စုပျမ်းမျှဝင်ငွေရဲ့ဆယ်ဆရှိတဲ့အခါကျွန်ုပ်တို့မှာလုံလောက်ပါသလား။ ဒါမှမဟုတ်အဆ၂၀၊၅၀ ဒါမှမဟုတ် ရာနဲ့ချီပြီးရှိဖို့လိုအပ်ပါသလား။လူတစ်ယောက်ကတစ်ချိန်က "သရက်စေ့တွေကိုစုပ်ယူစရာမလိုတော့တဲ့အခါ ကျွန်တော့်မှာလုံလောက်နေပြီဆိုတာ သိလာလိမ့်မည်" လို့ ပြောခဲ့ဖူးပါတယ်။

ပင်စင်စီမံကိန်းရေးဆွဲသူတွေကသက်တောင့်သက်သာအနားယူဖို့အတွက်စုငွေနဲ့ပိုင်ဆိုင်မှုတွေအတိုင်းအတာတစ်ခုအထိလိုအပ်တယ်လို့ပြောပြပါတယ်။ဒီပမာဏဟာခရစ်တော်ရဲ့သစ္စာရှိနောက်လိုက်တစ်ယောက်အတွက် ကွာခြားမှုဖြစ်သင့်ပါသလား။

"လုံလောက်တယ်"ဆိုတာတကယ်တော့နှိုင်းယှဉ်တဲ့အသုံးအနှုန်းတစ်ခုပါ။ခရစ်တော်ရဲ့နောက်လိုက်တစ်ယောက်အတွက်အရေးကြီးတဲ့မေးခွန်းကဘယ်လောက်ဆိုရင်လုံလောက်တယ်ဆိုမဟုတ်ဘဲ၊လုံလောက်တဲ့အဆင့်ကိုရရှိအောင်ကြိုးစားတာကကျွန်ုပ်နဲ့ ကျွန်ုပ်ရဲ့သခင်ကြားရှိရမည့်အရာပါ။ ဒါမှမဟုတ်၊ ကျွန်ုပ်တို့ရဲ့ နှလုံးသားထဲမှာ ဘုရားသခင်ရှိနေရင်လုံလောက်ပြီဆိုတဲ့အဓိပ္ပါယ်လား? ဆိုတာသင် ကိုယ်တိုင်အဖြေရှာတွေ့ဖို့ ဖြစ်ပါတယ်။

**တောင်းဆိုချက်**။ ။ ယခု ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့ ၁၀% ကိုပြန်ပေးဆောင်ပြီးကျွန်ုပ်တို့၏ပုံမှန်နှင့်စနစ်တကျကတိတော်ပူဇော်သက္ကာများကိုပေးဆပ်သည်နှင့်အမျှကိုယ်တော်အားအပြည့်အဝယုံကြည်ကိုးစားခြင်းမှကျွန်ုပ်တို့ကိုဆွဲဆောင်နိုင်သည့်အရာများကိုဖော်ပြပေးရန်ဘုရားသခင်အားတောင်းဆိုကြပါစို့။ပညာရှိရှိနေထိုင်ပြီးယေရှုသည်အမြဲတမ်းလုံလောက်ကြောင်းယုံကြည်ခြင်းအပေါ်တွင်အမြဲသတိရပြီးအသက်ရှင်ကြပါစို့။ယနေ့သင်၏သစ္စာရှိရှိပေးကမ်းမှုအတွက်ကျေးဇူးတင်ပါ၏။

**ဥပုသ်အပတ်စဉ် (၁၁)**
**မတ်လ (၁၄)ရက်**
**"မြော်လင့်ခြင်းအသံ (AWR)"**

သာသနာပြုများမရောက်နိုင်သည့်နေရာများသို့AWRမြော်လင့်ခြင်းသာသနာသတင်းစကားများကိုလေလှိုင်းအားဖြင့်ရောက်ရှိနိုင်ပြီး၊လူပေါင်းစုံတို့၏ဘဝကိုထာဝရနိုင်ငံတော်အတွက်အသွင်ပြောင်းပေးလျက်ရှိနေပါသည်။

ရေဒီယိုအသံလှိုင်းသည်အတိုက်အခံ၊စာမတတ်သူ၊ရေမြေရပ်ခြားဒေသများ၊ယဉ်ကျေးမှုဆိုင်ရာအတားအဆီးများကိုကျော်လွှားအောင်မြင်လျက်၊ရှေ့ဆက်ထိုးဖေါက်ဝင်ရောက်နိုင်သည့်ဈေးအသက်သာဆုံးနည်းပညာများထဲမှာအပါအဝင်တစ်ခုဖြစ်သည်။

AWR သည်ခရစ်တော်ပြန်ကြွလာခြင်းမျှော်လင့်ခြင်းသတင်းစကားကို ကမ္ဘာပေါ် ရှိလူတို့အား သူတို့၏ကိုယ်ပိုင်ဘာသာစကားများအားဖြင့်ထုတ်လွှင့်လျက်ရှိပါသည်။

"ပရိသတ်တို့၏နှလုံးသားဘာသာစကား"၁၀၀ကျော်အားဖြင့်နားဆင်သူများ၏နှလုံးသားထဲမှာ အလေးနက်ဆုံးထိမိစေသောမိခင်ဘာသာစကားများအားဖြင့် ထုတ်လွှင့်လျက်ရှိသည်။ထုတ်လုပ်သူများသည်ထောက်ပံ့ငွေရရှိလာသည်နှင့်အမျှအခြားသောဘာသာစကားများအားဖြင့်ထပ်တိုးချဲ့ပြီး ထုတ်လွှင့်ကြသည်။

စတူဒီယိုများစွာသည်ကျမ်းစာစာပေးစာယူကျောင်းများမှတစ်ဆင့်လည်းဘုရားသခင်၏လှပသောသတင်းစကားများကိုနားသောတဆင်သူများနှင့်ဝေမျှဆက်သွယ်နိုင်သည်။ AWR သည်စာများ၊ ဖုန်းခေါ်ဆိုမှုများ၊ စာတိုများနှင့်အီးမေးလ်များတစ်သိန်းကျော်ကိုသတင်းစကားနားသောတဆင်သူများထံမှလက်ခံရရှိပါသည်။ AWR ပန်းတိုင်သည် ဘုရားသခင်၏ကယ်တင်ခြင်းသတင်းစကားလူတိုင်းထံရောက်ရှိရန်ဖြစ်သည်။အရေးပါသောဘာသာစကား၂၅ကျော်ဖြင့်ထုတ်လွှင့်သောအစီအစဉ်များမှတဆင့်ချစ်ခြင်းမေတ္တာတရားတော်ကိုကမ္ဘာအနှံ့ဟောပြောသက်သေခံနိုင်ရန်ခြေလှမ်းနေဆဲဖြစ်သည်။

**တောင်းဆိုချက်**။ ။ သင်၏အသင်းတော်၏အလှူငွေတစိတ်တပိုင်းသည်အသံလွှင့်အစီအစဉ်ရံပုံငွေဖြစ်သွားပါလိမ့်မည်။သင်ကတိပေးထားသောပူဇော်သက္ကာများအပြင် AWR သို့အထူးကမ်းလှမ်းချက်တစ်ခုပေးပို့ရန်၊သင့်ဆယ်ဖို့တစ်ဖို့သို့မဟုတ်ပူဇော်သောစာအိတ်ပေါ်တွင် AWRဟုရေးခြင်းဖြင့်သော်၎င်းပါဝင်နိုင်ပါသည်။

## ဥပုသ်အပတ်စဉ်(၁၂)

## မတ်လ(၂၁)ရက်

## "သူ၏လက်ဖွဲ့ရာများကိုထိန်းသိမ်းစောင့်ရှောက်ခြင်း"

သမ္မတ၊ဝန်ကြီးချုပ်နှင့်နိုင်ငံရေးသမားတို့သည်ကျွန်ုပ်တို့ကိုမိမိတို့၏ပတ်ဝန်းကျင်ကိုဂရုတစိုက်ထိတ်းသိမ်းကြရန်တိုက်တွန်းပါသည်။အဘယ်ကြောင့်ခရစ်ယာန်တို့သည်စံနမူနာမပြကြသနည်း။

သင်နှင့်ကျွန်ုပ်တို့သည်ဘုရားပေးထားသည့်အချိန်၊အစွမ်းအစ၊ဘဏ္ဍာတို့ကိုထိန်းသိမ်းစောင့်ရှောက်ရန်ဘဏ္ဍာစိုးနှင့်ပြုစုစောင့်ရှောက်သူအဖြစ်ခေါ် ဖိတ်ခြင်းကိုခံရသောသူများဖြစ်ပါသည်။ကျွန်ုပ်တို့ဘဝ၏ထပ်ဆင့်သာယာလှပစေသောအရာတစ်ခုကဘုရားသခင်သည် သူ၏ဖန်ဆင်းထားသောအရာအားလုံးတို့၏ ဘဏ္ဍာစိုးအဖြစ် ခန့်ထားတော်မူခြင်းဖြစ်ပါသည်။

ကမ္ဘာဦးကျမ်း ၁း၂၆ တွင် သူသည်ပင်လယ်ငါးတို့ကိုငှင်း၊မိုးကောင်းကင်ငှက်တို့ကိုငှင်း၊သားယဉ်တို့ကိုငှင်း၊မြေတပြင်လုံးနှင့်တကွ၊မြေပေါ်မှာတွားတတ်သောတိရစ္ဆာန်အပေါင်းတို့ကိုငှင်း၊အုပ်စိုးစေဟုအမိန့်တော်ရှိ၏။

ဘုရားသခင်၏လက်ဖွဲ့ရာနှင့်ပြည့်နှက်နေသည့်ပတ်ဝန်းကျင်ကိုထိန်းသိမ်းစောင့်ရှောက်ရခြင်းသည်မည်မျှကောင်းသောအခွင့်အရေးကြီးဖြစ်ပါသနည်း။ မှန်ပါသည်။ ထိုအရာများသည်လျှင်မြန်စွာပျက်ဆီးယိုယွင်းနေပါသည်။မကြာခဏကျွန်ုပ်တို့သည်သစ္စာရှိစွာထိန်းသိမ်းစောင့်ရှောက်ရန်ပျက်ကွက်ခဲ့ပါသည်။ သို့သော်လည်းအိုဇုန်းအလွှာ၏တဖက်တွင်အလှအပဆုံးအရာများရှိပါသည်။

**တောင်းဆိုချက်**။ ။ ဘုရားသခင်အားသူ၏ ဆယ်ဖို့တစ်ဖို့နှင့်ကတိထားတော်မူသောအလှူငွေများကိုပြန်ပေးခြင်းအားဖြင့်ကျွန်ုပ်တို့သည်ဘုရားသခင်ပေးထားသောအရာအားလုံးတို့၏ဘဏ္ဍာစိုးဖြစ်ကြောင်းအမှတ်ရစေပါသည်။ ကမ္ဘာတွင်ကျန်ရှိသောအရာများကို ခရစ်တော်ဒုတိယအကြိမ်ကြွလာသည်အထိစနစ်တကျဂရုဏာထားထိန်းသိမ်းနိုင်ရန်ဆုတောင်းကြပါစို့။ ယနေ့ သစ္စာရှိစွာပေးကမ်းသည့်အတွက်ကျေးဇူးတင်ပါသည်။

## ဥပုသ်အပတ်စဉ်(၁၃)
## မတ်လ(၂၈)ရက်
## "ဟိန်း၊ခရိုက်ခ်၊ဝါရက်လီ၊ဟာရှီနှင့်ဂိုလ်းဂိတ်"

ဆယ်ဖို့တစ်ဖို့ပေးခြင်းသည်သမ္မာကျမ်းစာနည်းအရကျွန်ုပ်တို့၏တိုးပွားလာသော အကျိုးအမြတ်၊လုပ်အားခ၊နှင့်လစာကိုဘုရားသခင်၏စတိုး အိမ်သို့ ပြန်လည်ပေးသွင်းခြင်း ဖြစ်သည်။ သမ္မာကျမ်းစာထဲမှာ ဘုရားသခင်ရှင်းရှင်းလင်းလင်းတောင်းဆိုထားပြီး ဖြစ်ပါသည်။ သို့သော် ခရစ်ယာန်များထဲတွင်ပင် သဘောထားဆန့်ကျင်ဘက်ရှိနေသေးသည်။

အချို့ကယခင်ဆယ်ဖို့တစ်ဖို့ပေးခြင်းသည်ဂျူးလူမျိုးများအတွက်ဖြစ်သော်လည်း ယနေ့ကျွန်ုပ်တို့သည်ရှိသည့်အရာအားလုံးဘုရားကိုပြန်ပေးရန်ခေါ်တော်မူခြင်းကိုခံရသည်ဟု ခံယူကြသည်။သို့သော်မကြာခဏ၁၀%ထက်နည်းသောပမာဏကိုပြန်ပေးခြင်းနှင့်သာအဆုံး သတ်ကြသည်။အချို့ခရစ်ယာန်များသည်ဆယ်ဖို့တစ်ဖို့ပေးခြင်းကိုအသေးစိတ်အာရုံစိုက် သည်။မျှော်လင့်ထားသည်ထက်တန်ဖိုးရှိသည့်လက်ဆောင်ကိုရရှိကြသော်လည်းဆင်းရဲ သောသူ၊ ဒုက္ခသည်များကိုစိတ်ဝင်စားမှုနှင့်ဂရုဏာကို အနည်းငယ်သာပြကြသည်။

သခင်ခရစ်တော်ကိုယ်တိုင်ပြောခဲ့သည်မှာသင်တို့သည်ဆယ်ဖို့တစ်ဖို့ကိုရိုးသား ဖြောင့်မတ်စွာပေးနိုင်သည်။တရားသဖြင့်စီရင်ခြင်း၊သူတပါးကိုသနားခြင်း၊သစ္စာစောင့်ခြင်း တည်းအရာကိုပြုလုပ်နိုင်သည်။ (ဝတ်ပြု ၂၇း၃၀၊မာလိ ၃း၈-၁၂) တွင် ဘုရားသခင်သွန်သင် ထားသည့်အတိုင်း နှစ်နှင့်ချီစမ်းသပ်ပြီးသန်းနှင့်ချီသော မြော်လင့်ခြင်းအသင်းသူအသင်းသား များသည်ခိုင်မာသော ဆယ်ဖို့တစ်ဖို့ပေးကမ်းထည့်ဝင်သူများ ဖြစ်လာကြသည်။ မတော်သင် သည်ကမ္ဘာ့စီးပွားရေးလုပ်ငန်းရှင်များဖြစ်သောဟိန်း၊ခရိုက်စ်၊ဝါရက်လီ၊ဟာရှီနှင့်ဂိုလ်းဂိတ် များကိုသင်ကြားဘူးပါလိမ့်မည်။သူတို့သည်သစ္စာရှိသောဆယ်ဖို့တစ်ဖို့ပေးကမ်းသူများဖြစ် ကြသည်ကိုသင်သိပါသလား။

**တောင်းဆိုချက်**။ ။ ကျွန်ုပ်တို့သည်ဆယ်ဖို့တစ်ဖို့ကိုနည်းစနစ်တကျပြန်ပေးမည်ဟုကတိ ထားသောအလှူငွေ ၁၀%ကိုပြန်ပေးသောအခါ၊ဆယ်ဖို့တစ်ဖို့တွက်ချက်ခဲ့ခန့်မှု၏အရေးကြီး ကြောင်းကိုဖေါ်ပြပေးပါ။ အသက်တာတွင်ယုံကြည်ခြင်းနှင့်နှုတ်ကပတ်တော်အတိုင်းပေးလှူ နိုင်သောအသက်တာကိုလျှောက်လှမ်းနိုင်ရန်၊ ဆုတောင်းကြပါစို့။

# ဥပုသ်အပတ်စဉ်(၁၄)
## ဧပြီလ(၄)ရက်
## "မိမိကိုယ်ကိုသေဆုံးခြင်း"

လွန်ခဲ့သောနှစ်ပေါင်းခြောက်ထောင်ခန့်က စာတန်သည်ဧဝကို မိမိအတွက်သာစဉ်းစားရန်စုံစမ်းခဲ့သည်။ ဧဝသည်စုံစမ်းခြင်း၌ကျဆုံးခဲ့သည်။ နှစ်ပေါင်းလေးထောင်ကြာသည့်အခါစာတန်သည်သခင်ယေရှုကိုတောထဲတွင်ရှေးနည်းတူ မက်လုံးပေးကတိကဝတ်ဖြင့် စုံစမ်းပြန်သည်။ သူစုံစမ်းခြင်းနောက်ကိုမပါခဲ့ပေ။ သုံးနှစ်တိတိ စာတန်သည်မိမိကိုယ်ကိုရှေ့တန်းတင်ရန်စုံစမ်းသည်။ တစ်ကြိမ်တည်းသာ ရှေ့တန်းတင်ရန်စုံစမ်းသည်။ တစ်ကြိမ်မျှ သူမပြုလုပ်ခဲ့ပါ။

ပရောဖက်ပြုချက်၏ရက်သတ္တပတ်အဆုံးသို့ရောက်လုနီးပြီ၊စာတန်သည်စိတ်ရိုင်းဝင်သည့်အလားဒေါသထွက်နေသည်။သူသည်သခင်ခရစ်တော်ကိုရိုက်နှက်အပြစ်ပေးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊တံတွေးထွေးခြင်း၊အများ၏စွန့်ခွာခြင်းခံရအောင်လုပ်ဆောင်ခဲ့သည်။ သို့သော် သခင်ခရစ်တော်သည် တကိုယ်ကောင်းဆန်ခြင်းမရှိဘဲ အပြစ်ကင်းစင်လျက်ရှိနေခဲ့သည်။

စာတန်သည်နောက်ဆုံးတိုက်ခိုက်သည့်အနေဖြင့်ကားတိုင်ပေါ်တွင်သံဖြင့်ရိုက်ကာ မြှောက်ထားခဲသည်။ သင်သည်ဘုရား၏သားတော်မှန်လျှင်၊ ကိုယ့်ကိုယ်ကိုကယ်တင်ပါဟုစုံစမ်းသည်။ သို့သော်သူသည်မလုပ်ခဲ့ပါ။

နောက်ဆုံးတွင်ဂျူးခေါင်းဆောင်များသည်မသိနားမလည်ဘဲနက်နဲသောအမှန်တရားတစ်ခုကိုပြောဆိုခဲ့ကြသည်။ "သူသည်ကိုယ့်ကိုယ်ကိုမကယ်တင်နိုင်"

ယေရှုသည်ကိုယ်တိုင်နှင့်ကျွန်ုပ်တို့ကိုတစ်ချိန်တည်းမကယ်တင်နိုင်သောကြောင့် ကျွန်ုပ်တို့ကိုရွေးချယ်ခဲ့သည်။ ယနေ့ ကိုယ်တော်သည်ကျွန်ုပ်တို့အား မိမိကိုယ်ကိုရှာဖွေပြီး လက်ဝါးကပ်တိုင်တင်ရန်ဖိတ်ခေါ်နေပါသည်။

**တောင်းဆိုချက်**။ ။ ယခု ကျွန်ုပ်တို့သည်ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့နှင့်ပူဇော်သက္ကာများကိုပြန်လည်ပေးအပ်ကြသည့်အခါ၊ကျွန်ုပ်တို့တစ်ဦးစီသည်မိမိတို့နှလုံးသားထဲရှိအတ္တဆန်သောအလိုဆန္ဒမှန်သမျှကို ဘုရားသခင်ဖယ်ရှားပေးပါရန် တောင်းလျှောက်ကြပါစို့။ ယနေ့ သင်တို့၏သစ္စာရှိသောပေးကမ်းမှုအတွက်ကျေးဇူးတင်ရှိပါသည်။

# ဥပုသ်အပတ်စဉ်(၁၅)
## ဧပြီလ(၁၁)ရက်
## “A Channel of Hope (Hope Channel International)”

အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသ၌ လူဦးရေ ၅၇၄ သန်းတွင်မြော်လင့်ခြင်းအသင်းသားပေါင်း ၇၀၂၆ ယောက်သာရှိသည်ကိုသင်သိပါသလား။ အသင်းသားတစ်ဦးစီသက်သေခံရင်တောင်မှအယောက်စီတိုင်းထံဧဝံဂေလိတရားကိုဝေမျှနိုင်ရန်၂၄နှစ်ကြာမည်ဖြစ်ပါသည်။ လိုအပ်ချက်မှာကြီးမှားလှသော်လည်း၊မီဒီယာမှတဆင့် Hope Channel သည်ယနေ့လက်လှမ်းမမီသောနေရာသို့မရောက်ရောက်အောင် လုပ်ဆောင်နေပါသည်။

၁၀/၄၀Windowဒေသတွင်အရှေ့အလယ်ပိုင်း၊အီသီယိုပီးယားနှင့်အိန္ဒိယအစရှိသောဒေသများရှိသန်းပေါင်းများစွာသောလူထုများသည်ဧဝံဂေလိတရားကိုအနည်းငယ်မျှသို့မဟုတ်လုံးဝလက်လှမ်းမမှီသည့်ဒေသများတွင်သော်၄င်း၊လူသားများကိုယ်တိုင်ဧဝံဂေလိလုပ်ငန်းမလုပ်ဆောင်နိုင်သော ဒေသများတို့တွင် မြော်လင့်ရာလမ်းကြောင်းတည်းဟူသော Hope Channel လေလှိုင်းအားဖြင့်ယေရှု၏မေတ္တာတော်ကိုမျှဝေလျက်ရှိနေပါသည်။ အီသီယိုပီးယားတွင်တိုက်ခိုက်လျက်ရှိသောစစ်ပွဲကြောင့်အသက်၁၄နှစ်အရွယ်မိန်းကလေးတစ်ဦးသည် မိသားစုနှင့်ကွဲကွာသွားခဲ့သည်။ သူမသည်တစ်ယောက်တည်းဖြစ်ခဲ့သော်လည်း မြော်လင့်ခြင်းလေလှိုင်းဖြစ်သည့် Hope Channel မှတစ်ဆင့် မသေချာမရေရာသော အနာဂတ်အတွက်စိတ်သက်သာရာရရှိခဲ့ပါသည်။အကြောက်တရားများဝင်လာသောအခါသူမသည်ဘုရားသခင်၏မျက်မှောက်တော်အကြောင်းများကိုနားထောင်ခြင်းအားဖြင့်သူမအားစိတ်သက်သာရာရရှိခံစားစေခဲ့ပါသည်။စစ်ပွဲကသူမကိုမိသားစုနှင့်ခွဲခွာခဲ့သော်လည်းသူမကိုခရစ်တော်၏ မေတ္တာတော်နှင့်ဘယ်အရာကမျှမခွဲခွာစေနိုင်ခဲ့ပါ။

ဗျာဒိတ်၁၄း၆က ဧဝံဂေလိတရားသည်လူမျိုး၊တိုင်းနိုင်ငံ၊ဘာသာစကားအသီးသီးနှင့်လူတိုင်းထံသို့ပြန့်နှံ့ရမည်ဟုပြောကြားထားသည်။စုပေါင်းအလှူငွေအစီအစဉ်ကအကြံပြုထားသည့်အတိုင်းဖြန့်ဝေပေးခြင်းအားဖြင့်HopeChannelကဲ့သို့သောမြော်လင့်ခြင်းလေလှိုင်းသာသ နာပြု လုပ်ငန်းကိုအထောက်အကူပြုလျက်ရှိပါသည်။

**တောင်းဆိုချက်**။ ။လူအများစုတို့သည်ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကိုမည်သည့်နေရာ၌မဆိုခံစားရသောအခွင့်ရရှိကြပါမည်။

## ဥပုသ်အပတ်စဉ်(၁၆)

## ဧပြီလ(၁၈)ရက်

## “အသစ်လိုအပ်လာမှု”

သင့်စက်ဘီး၊ကား၊အိမ်၊သို့မဟုတ်အားလပ်ရက်တွင်အဆင့်မြှင့်တင်ရန်တစ်ခါတစ်ရံသင်တွေးနေမိပါသလား။ငါလုပ်လေ့ရှိတယ်။ပုံမှန်ပါပဲ၊ဒါပေမယ့်လိုအပ်သလား။Volkswagen ကားကြော်ငြာတစ်ခုမှာ"တချိန်ကသင်မြင်တွေ့ခဲ့တဲ့အရာတွေကအဆင့်မြင့်လွန်းတယ်လို့ထင်မြင်ယူဆခဲ့တာတွေကပိုမိုလိုအပ်လာပြီး၊လုံးလုံးလျားလျားလိုအပ်လာတတ်ပါတယ်။

ဘာကြောင့်လိုအပ်လဲဆိုတော့ ပိုမိုကောင်းမွန်တဲ့ဘဝရဲ့အရသာကိုခံစားရပြီး၊ ပြန်လှည့်သွားစရာအကြောင်း မရှိတော့ပါ။ လူ့သဘောသဘာဝကို မယုံနိုင်လောက်အောင်ထိုးထွင်းသိမြင်မှုတစ်ခုပါလား။ ကျနော်တို့ကိုပိုကောင်းပြီးပိုမိုတင့်တယ်သောအရာများကကျွန်တော်တို့အားဘုရားသခင်ပေးအပ်ထားသောတာဝန်နှင့်ဝတ္တရားများမှအားနဲစေပြီး၊အာရုံလွဲစေတတ်ပါတယ်။နာဇရက်မြို့သားယေရှုကိုနှိမ့်ချစွာလိုက်နာပြီးယုံကြည်သူများကကျွန်ုပ်တို့၏အဆင့်ကိုမြှင့်တင်ရန်ခေါ်ဝေါ်ခြင်းကိုစောင့်မျှော်နေလျက်နှင့်ကျွန်ုပ်တို့အတွက်မယုံကြည်နိုင်လောက်အောင်မြင့်မြတ်တဲ့ထာဝရကာလတစ်ခုရှိနေလျက်ပါ။ဘုရားသခင်ကိုမသိတဲ့လူတွေရဲ့နေထိုင်မှုပုံစံအတိုင်းပဲ အသက်ရှင်နေကြမှာလား။

ကျွန်ုပ်တို့လည်း ကျွန်ုပ်တို့ပိုင်ဆိုင်သည့်ကောင်းမွန်သောအရာများမှ ကျေနပ်မှုနှင့်ထိုက်တန်မှုကိုရှာဖွေနေမှာလား။ ကျွန်ုပ်တို့၏အသက်တာတွင် ရိုးရိုးယဉ်ယဉ်နှင့်နေထိုင်ဖို့သမ္မာကျမ်းစာကရှင်းရှင်းလင်းလင်းသွန်သင်ထားသည့်အတိုင်းနေထိုင်စားသောက်ခြင်းအားဖြင့်ပေးကမ်းခြင်း၌ရက်ရက်ရောရော ပါဝင်လာနိုင်ပါလိမ့်မည်။

ဘုရားသခင်ကကျွန်ုပ်တို့၏ပေးကမ်းခြင်းစံနှုန်းကိုမြှင့်တင်နိုင်ရန်ကျွန်ုပ်တို့၏လူနေမှုအဆင့်အတန်းကိုမြှင့်တင်ပေးတာလည်းဖြစ်နိုင်ပါတယ်။

**တောင်းဆိုချက်** ။ ။သင်၏နည်းစနစ်ကျသောပူဇော်သက္ကာများနှင့်ကတိပေးလှူဒါန်းမှုများသည်ဘုရားသခင်နှင့်သင်၏ပူးပေါင်းဆောင်ရွက်မှုကိုညွှန်ပြနေပါတယ်။ဒီကတိကိုသံသယရှိရင်ဘုရားသခင်ကိုစမ်းသပ်လိုက်ပါ။ကိုယ်တော်အားသက်သေပြခွင့်ပေးလိုက်ပါ။သင်ကိုယ်တိုင်မြင်တွေ့ရပါလိမ့်မည်။ လုကာ၆း၃၈ မှာသူကတိပေးထားပါတယ်။

## ဥပုသ်အပတ်စဉ်(၁၇)
## ဧပြီလ (၂၅)ရက်
## "သို့သော် နက်ဖြန်အတွက်ရော?"

ကောင်းသောအကြောင်းအရာတစ်ခုအတွက် လှူဒါန်းရန်ဆုံးဖြတ် လိုက်သောအခါ၊ "ကျွန်ုပ်၏အနာဂတ်အတွက်လုံလောက်စွာကျန်ရှိနေစေရန်မည်မျှတတ်နိုင်သလောက်လှူဒါန်းနိုင်မည်နည်း"ဟူသောမေးခွန်းမကြာခဏပေါ်ပေါက်လာတတ်သည်။၎င်းသည်မေးသင့်သောမေးခွန်းဖြစ်သည်။သို့သော်ကျွန်ုပ်တို့၏အဖြေများသည်နက်ဖြန်အတွက်စိုးရိမ်ပူပန်မှုများ၏လွှမ်းမိုးခံနေရသည်။ကျွန်ုပ်တို့၏လှူဒါန်းမှုများသည်ရက်ရောခြင်းမှလုံခြုံမှုသို့ သို့မဟုတ် ထို့ထက်ပင်ပိုဆိုးသွားသည်အထိ ကျုံ့ဝင်သွားတတ်ပါသည်။

ဘုရားသခင်၏လှူဒါန်းခြင်းဆိုင်ရာကတိတော်များသည်နိယာမအချို့ကိုကျွန်ုပ်တို့အားပေးထားပြီး၊ ၎င်းတို့သည်ဒြပ်ဆွဲအားကဲ့သို့ပင် သေချာသည်။

သုတ္တံ ၁၁း၂၄၊၂၅ တွင် "စွန့် ကြဲသော်လည်း ဥစ္စာတိုးပွားတတ်သောသူရှိ၏။ အထောက်မတန်စုသိမ်း၍ဆင်းရဲခြင်းသို့ရောက်တတ်သောသူလည်းရှိ၏"ဟုဖော် ပြထားသည်။

မဿဲ၆း၃၄တွင်ယေရှုက"ထို့ကြောင့်မနက်ဖြန်အဖို့မစိုးရိမ်ကြနှင့်။" ဟု မိန့်တော်မူခဲ့သည်။ကိုယ်တော်က"သူတပါးအားပေးကြလော့။ပေးလျှင်သူတပါးသည်သင်တို့အားပေးကြလိမ့်မည်ဟု" လုကာ ၆း၃၈ တွင် ကတိပြုတော်မူခဲ့သည်။

ကိုယ်တော်သည်ကျွန်ုပ်တို့အားအစားအစာ၊အဝတ်အထည်၊အမိုးအကာ၊အလုပ်ကိုင်၊ခွန်အား၊ပညာရေးနှင့်အခြားများစွာကိုပေးသနားသည်။ယုံကြည်ခြင်းဖြင့်အသက်ရှင်ပြီးလှူဒါန်းကြကာ၊ယနေ့နှင့်နက်ဖြန်နှစ်ခုလုံးအတွက်ကိုယ်တော်၏ကတိတော်များကိုဘုရားသခင်အား သက်သေပြခွင့်ပေးကြပါစို့။

**တောင်းဆိုချက်**။ ။ကြိုတင်စီစဉ်ကာသီးသန့်ဖယ်ထားရန်အားပေးထားသည့်ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့နှင့်ကတိထားရာပူဇော်သက္ကာများကိုပြန်လည်ပေးအပ်သောအခါ၊ကျွန်ုပ်တို့၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးမည့်ကိုယ်တော်၏ကတိတော်များကိုပြည့်စုံစေရန်ဘုရားသခင်ကိုတောင်းလျှောက်ကြပါစို့။ကိုယ်တော်၏ပြင်ဆင်ပေးမှုအားလုံးအတွက်ကျေးဇူးတော်ချီးမွမ်းကြပါစို့။ ပိုမိုပြီး လုံခြုံသည်ဟုခံစားရရန်အတွက် ကျွန်ုပ်တို့ပူဇော်သက္ကာများကိုချုပ်တည်းထားခဲ့သည့်အချိန်များအတွက်ခွင့်လွှတ်ခြင်းရရှိခံစားရရန်တောင်းလျှောက်ကြပါစို့။

## ဥပုသ်အပတ်စဉ် (၁၈)

## မေလ(၂)ရက်

## "ပိုင်ဆိုင်မှု၏အဆုံးသတ်ခြင်း"

ကျွန်ုပ်တို့၏လူ့သဘာဝသည်အရာဝတ္ထုများကိုပိုင်ဆိုင်လိုစိတ်ရှိပြီး၊ကျွန်ုပ်တို့သက်တမ်းရှည်လေလေ၊ပိုင်ဆိုင်လိုသည့်အရာများများပြားလာလေလေဖြစ်သည်။သို့သော်ဘုရားသခင်ကဤလောကအရာဝတ္ထုများကို ကွဲပြားခြားနားစွာရှုမြင်သည်။

ဆာလံ ၅၀း၁၀-၁၂ တွင်ဘုရားသခင်က "တောတိရစ္ဆာန်ရှိသမျှတို့နှင့်တစ်ထောင်သောတောင်ပေါ်မှာရှိသောတိရိစ္ဆာန်တို့သည်ငါ၏ဥစ္စာဖြစ်၏။..........................................ဟုမိန့်တော်မူသည်။

ထို့နောက်တရားဟောရာကျမ်း ၈း၁၇၊၁၈တွင်ကိုယ်တော်က "ငါ့တန်ခိုး၊ငါ့လက်သတ္တိအားဖြင့်ဤစည်းစိမ်ကိုငါရတတ်သည်ဟုစိတ်ထဲမှာအောက်မေ့ခြင်းအပြစ်ကိုသတိနှင့်ကြဉ်ရှောင်လော့။.........................................................."ဟုမိန့်တော်မူသည်။

ဘုရားသခင်သည်အရာအားလုံးကိုပိုင်ဆိုင်ပြီး၊ကျွန်ုပ်တို့စောင့်ရှောက်ရန်ကိုယ်တော်အပ်နှင်းထားသည့်အရာအားလုံး၏သစ္စာရှိဘဏ္ဍာစိုးများဖြစ်ကြရန်ကျွန်ုပ်တို့ကိုဖိတ်ခေါ်သည်။ ဘဏ္ဍာစိုးဆိုသည်မှာပိုင်ရှင်ကိုယ်စားအရာတစ်ခုကိုစီမံခန့်ခွဲသူဖြစ်သည်။ဘုရားသခင်သည်ဤလောကနှင့်၎င်းအတွင်းရှိ အရာအားလုံးကိုပိုင်ဆိုင်ပြီး၊ကိုယ်တော်အတွက်ဂရုတစိုက်စီမံခန့် ခွဲရန်ကျွန်ုပ်တို့ကို တောင်းဆိုသည်။

ဘုရားသခင်သည်အရာအားလုံးကိုပိုင်ဆိုင်ကြောင်းကျွန်ုပ်တို့နားလည်သောအခါ၊ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုသည်အဆုံးသတ်ပြီး၊ဘဏ္ဍာစိုးအဖြစ်စီမံခန့် ခွဲမှုစတင်ပါသည်။

**တောင်းဆိုချက်**။ ။ ယနေ့၊သင်သည်ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့နှင့်ကတိပြုထားသောအလှူငွေများကိုပြန်လည်ပေးအပ်နိုင်သောအခါ၊ကိုယ်တော်ပေးသနားထားသောကောင်းချီးမင်္ဂလာများအတွက် ဘုရားသခင်ကိုကျေးဇူးတင်ပါ။ သင်၏ကောင်းချီးများကို အခြားသူများနှင့်ကိုယ်တော်၏အမှုတော်အတွက်ကောင်းကျိုးများစွာဖြစ်စေရန်မည်သို့ဖြန့်ဝေရမည်ကိုကိုယ်တော်အားပြသပါရန်တောင်းလျှောက်ပါ။ ယနေ့ သင်၏သစ္စာရှိရှိပေးကမ်းလှူဒါန်းမှုအတွက်ကျေးဇူးတင်ပါသည်။

## ဥပုသ်အပတ်စဉ်(၁၉)

## မေလ(၉)ရက်

## "သဘာဝဘေးအန္တရာယ်နှင့်ငတ်မွတ်ခေါင်းပါးမှုကူညီထောက်ပံ့ခြင်းအလှူငွေ(ADRA)"

ဆိုင်မွန်နှင့်ဂျူလီယန်တို့သည် နှစ်ပေါင်းများစွာနီပေါနိုင်ငံတွင် (ADRA) နှင့်အတူလူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကိုလုပ်ဆောင်ခဲ့ကြသည်။ လူပေါင်း ၉၀၀၀ နီးပါကိုသေဆုံးစေခဲ့ပြီး၂၂၀၀၀ ကျော်ကိုဒဏ်ရာရစေခဲ့သောအင်အားပြင်းမြေငလျင်ကြီးလှုပ်ခပ်ပြီးနောက် ၄၈ နာရီအကြာတွင် (ADRA)၏အရေးပေါ်လုပ်ငန်းများအတွက်အကူအညီပေးရန် ၄င်းတို့ကို နီပေါနိုင်ငံသို့ ပြန်လည်ခေါ်ယူခဲ့သည်။

ဂျူလီယန်သည် သူတို့ပတ်ဝန်းကျင်ရှိဆင်းရဲဒုက္ခများကြောင့် ဝန်ပိနေပြီး သူမည်မျှပင်အကူအညီမဲ့သည်ဟုခံစားရကြောင်းဝန်ခံခဲ့သည်။ သူသည်ဆိုင်မွန်ထံမှဉာဏ်ပညာကိုရယူရန်လှည့်ကြည့်လိုက်သည်။ ဆိုင်မွန်ကဤသို့ ပြန်ဖြေသည်။" ဂျူလီယန်၊လိုအပ်နေတဲ့လူတိုင်းကိုငါတို့မကူညီနိုင်ဘူး။ လူတိုင်းအတွက် လုပ်ပေးနိုင်တဲ့အရာတစ်ခုကိုတော့ လုပ်ပေးဖို့လိုတယ်" ဟု ပြန်ပြောပါတယ်။

ကမ္ဘာတစ်ဝှမ်းရှိသဘာဝဘေးအန္တရာယ်၊ငတ်မွတ်ခေါင်းပါးမှုနှင့်ပဋိပက္ခများကြောင့်ထိခိုက်ခံစားရသူတိုင်းကို သင်ကူညီချင်ပါသလား။ သင်တစ်ယောက်တည်း လုပ်၍မရနိုင်ပါ။ ကျွန်ုပ်တို့မည်သူမျှမလုပ်နိုင်ပါ။ သို့သော် လူတိုင်းအတွက် သင်လုပ်ဆောင်ပေးလိုသောအရာတစ်ခုကို သင်လုပ်ဆောင်ပေးနိုင်ပါသည်။

**တောင်းဆိုချက်**။ ။သင်သည် ဆယ်ဖို့တစ်ဖို့နှင့်စုပေါင်းအလှူငွေအပြင်ထပ်မံ၍ ပိုမိုပေးလှူလိုပါက၊ (ADRA) မှ စီမံခန့်ခွဲသော သဘာဝဘေးအန္တရာယ်နှင့်ငတ်မွတ်ခေါင်းပါးမှု ကူညီထောက်ပံ့ရေးရန်ပုံငွေသို့ တိုက်ရိုက်လှူဒါန်းနိုင်သည်။

သင်၏ပံ့ပိုးကူညီမှုဖြင့်(ADRA)သည်ကမ္ဘာတစ်ဝန်းရှိအသေးငယ်ဆုံးနှင့်ပျောက်ဆုံးနေသူများထံသို့မျှော်လင့်ချက်၊ကုစားခြင်းနှင့်လက်တွေ့ကျသောအကူအညီများကိုယူဆောင်လာကာပထမဆုံးတုံ့ ပြန်ကူညီသူအဖြစ် ဆက်လက်တည်ရှိနေနိုင်မည်ဖြစ်သည်။ အကျပ်အတည်းကာလများတွင် ဘုရားသခင်၏ လက်တစ်ဖက်ဖြစ်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါသည်။

## ဥပုသ်အပတ်စဉ်(၂၀)

## မေလ(၁၆)ရက်

## "သင်ဘာအတွက်သက်ရှင်နေပါသလဲ"

ဤအရေးကြီးသောမေးခွန်းကိုစဉ်းစားပါ။ သင်အသက်ရှင်နေသည့် အရာအတွက် သခင်ယေရှုအသက်တော်စွန့်ခဲ့ပါသလား။

သခင်ယေရှု၏ပြက္ခဒိန်နှင့်ဘဏ်ရှင်းတမ်းများသည် သင်၏ပြက္ခဒိန်နှင့် ဘဏ်ရှင်းတမ်းများကဲ့သို့ ဖြစ်နေမည်လား။ သင်၏ပြက္ခဒိန်နှင့် ဘဏ်ရှင်းတမ်းများသည်ကိုယ်တော်အတွက်အရေးမကြီးသောအရာများ၊ သို့မဟုတ် ကိုယ်တော်၏အလိုတော်နှင့်လုံးဝဆန့်ကျင်ဘက်ဖြစ်သောအရာများတွင်အချိန်နှင့်ငွေကြေး ရင်းနှီးမြှုပ်နှံမှုအချို့ကို ဖော်ပြနေပေမည်။ ကိုယ်တော်အသက်ရှင်ခဲ့ပြီး အသက်တော်စွန့်ခဲ့သောဦးစားပေးမှုများသည် သင်၏ဦးစားပေးမှုများတွင်ထင်ဟပ်နေပါသလား။

ယေရှု၏အသက်ရှင်ပုံသည် ငြိမ်းချမ်း ဖွယ်ကောင်းပြီး ခေတ်နောက်ကျနေသည်ဟု လောကသားများပြောဆိုကြသော်လည်း၊ ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်ယေရှုသည် ကျွန်ုပ်တို့အတွက်အကောင်းဆုံးကို သိရှိသည်။ ဘုရားသခင်၏နည်းလမ်းများသည် ငွေကြေးအရသာမက၊အိမ်ထောင်ရေး၊ကျန်းမာရေး၊ဆက်ဆံရေး၊ ငြိမ်းချမ်းရေး၊ကျေနပ်မှုနှင့်အခြားများစွာသောအရာများတွင်လည်းအကောင်းဆုံးဖြစ်သည်။

**သင်အသက်ရှင်နေသည့်အရာအတွက်သခင်ယေရှုခရစ်တော်အသက်စွန့်ခဲ့ပါသလား။**

**တောင်းဆိုချက်။** ။ ယနေ့ သင်သည်ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့နှင့်ကတိထားရာယဇ်ပူဇော်သက္ကာများကိုပြန်လည်ပေးအပ်သောအခါ၊သင်၏ပြက္ခဒိန်နှင့်ငွေကြေးသုံးစွဲမှုအလေ့ကျင့်များကိုစဉ်းစားကြည့်ပါ။ ၄င်းတို့သည် ဘုရားသခင်၏ဦးစားပေးမှုများကို ထင်ဟပ်နေပါသလား။ကိုယ်တော်အပ်နှင်းထားသောအချိန်၊အရည်အချင်းနှင့်ငွေကြေးတို့ဖြင့်ကိုယ်တော်၏အမှုတော်ရင်းနှီးမြှုပ်နှံရန်ခွန်အားနှင့် သတ္တိကိုပေးသနားတော်မူပါရန် ဘုရားသခင်အား နှိမ့်ချစွာတောင်းလျှောက်ပါ။ သင်၏သစ္စာရှိမှုအတွက် ကျေးဇူးတင်ပါသည်။

# ဥပုသ်အပတ်စဉ်(၂၁)
## မေလ(၂၃)ရက်
## “ကျေးဇူးတင်သောဘဝရှင်သန်ခြင်း၏ T ရှစ်မျိုး”

၁။ အချိန်(Time) -နေ့စဉ်ဘုရားသခင်နှင့်သူ၏အမှုတော်အတွက်အချိန်ပေးခြင်း။
၂။ပါရမီ(Talents)-ဘုရားသခင်ပေးသနားတော်မူသောစွမ်းရည်များဖြင့်သူ့အားဝတ်ပြုဆောင်ရွက်ခြင်း။
၃။ ဘဏ္ဍာတော်(Treasure)-ဆယ်ဖို့တစ်ဖို့၊လှူဒါန်းငွေနှင့်ပိုင်ဆိုင်မှုများနှင့်သစ္စာရှိခြင်း။
၄။ သက်သေခံခြင်း(Testimony)-ဘုရားသခင်ကျွန်ုပ်၏ဘဝတွင်ပြုတော်မူပြီးသောအရာနှင့်ပြုနေတော်မူဆဲအရာများကိုသစ္စာရှိစွာမျှဝေခြင်း။
၅။ ဗိမာန်တော် (Temple)-ဘုရားသခင်၏ဝတ်ပြုဆောင်ရွက်ခြင်းအတွက်ကျွန်ုပ်၏စိတ်ခန္ဓာကိုဂရုစိုက်ခြင်း။
၆။ နယ်မြေ (Territory)-ကျွန်ုပ်၏မြေနှင့်ပတ်ဝန်းကျင်ကိုသစ္စာရှိစွာဂရုစိုက်ခြင်း။
၇။အမှန်တရား(Truth)-ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသစ္စာရှိစွာကာကွယ်ခြင်းနှင့်မျှဝေခြင်း။
၈။မျိုးနွယ်(Tribe)-ကျွန်ုပ်၏မိသားစု၊ဘုရားကျောင်းမိသားစုနှင့်ကမ္ဘာ့မိသားစုကိုဂရုစိုက်ခြင်း

ဤရှစ်မျိုးသည်ဘုရားသခင်က သူ၏ဘုန်းတော်အတွက် ဂရုတစိုက်နှင့်ဆုတောင်းလျက်အသုံးပြုရန် ကျွန်ုပ်တို့အားမှီခိုအားထားရာများဖြစ်ပါသည်။ တမန်တော်ပေါလုက ”မည်သည့်အရာကိုမဆိုဘုရားသခင်၏ဘုန်းတော်အတွက်ပြုလုပ်ကြလော့”(၁ကော၁၀း၃၁) ဟုလှုပစွာဆိုခဲ့ပါသည်။ဘဝ၏နယ်ပယ်ရှစ်ခုစလုံးတွင်ကျေးဇူးတင်သောစိတ်နှင့်ရက်ရောစွာရှင်သန်ကြပါစို့။

**တောင်းဆိုချက်**။ ။ ယခုအခါဘုရားသခင်၏ဆယ်ဖို့တစ်ဖို့များကိုကောက်ခံလျက်ကျွန်ုပ်တို့၏ကတိပေးလှူဒါန်းငွေများကိုသီတင်းတစ်ပတ်အတွင်းဝင်ငွေ၏%အဖြစ်ကြိုတင်စီမံခန့်ခွဲပြီးသီးသန့်ခွဲထားရန်တိုက်တွန်းခြင်းခံရသည့်အတိုင်း အချိန်၊ပါရမီ၊ဘဏ္ဍာတော်၊သက်သေခံခြင်း ဗိမာန်တော်၊နယ်မြေ၊အမှန်တရားနှင့်မျိုးနွယ်တို့တွင်သစ္စာရှိစွာဆောင်ရွက်နိုင်ရန်ဘုရားသခင်အားတောင်းလျှောက်ပါ။

## ဥပုသ်အပတ်စဉ်(၂၂)
## မေလ(၃၀)ရက်
## "ကောင်းစွာချမ်းသာခြင်းနှင့်ကျန်းမာခြင်း"

ဘဝတွင်အပိုင်းနှစ်ပိုင်းရှိသည်ဟု အဆိုရှိပါသည်။ ပထမတစ်ဝက်တွင် ကျွန်ုပ်တို့သည်စည်းစိမ်ချမ်းသာရရှိရန် ကျန်းမာရေးကိုအသုံးပြုပြီး၊ နောက်ပိုင်းဘဝတွင် ကျန်းမာရေးပြန်လည်ရယူရန်ထိုစည်းစိမ်ချမ်းသာကိုပင်သုံးစွဲကြရသည်။

သတ္တနေ့မြော်လင့်ခြင်းအသင်းတော်သည်ဖန်ဆင်းရှင်ထံမှတိုက်ရိုက်ရရှိထားသောကျန်းမာရေးအခြေခံမူများစွာဖြင့်ကောင်းချီးပေးခြင်းခံထားရသည်။ကျွန်ုပ်တို့သည်နေ့စဉ်လူထောင်ပေါင်းများစွာ၏ဘဝများကိုပြောင်းလဲစေသောဆေးခန်းများ၊ဆေးရုံများ၊ကျန်းမာရေးနှင့်ညီညွတ်သောချက်ပြုတ်သင်တန်းများနှင့်ကျန်းမာရေးအနားယူဌာနများကိုလည်းပတ်လုပ်ကိုင်လျက်ရှိသည်။

ကျွန်ုပ်တို့အနက်များစွာသည်လေ့ကျင့်ခန်း၊နေရောင်ခြည်အာဟာရပြည့်ဝသောအစာအာဟာရ၊အနားယူခြင်း၊ဝိညာဉ်ရေးရာ၊ရေ၊လတ်ဆတ်သောလေကောင်းလေသန့်စသည့်ဖန်ဆင်းရှင်၏နိယာမများကိုမသိလိုက်ဘဲသိနေကြသော်လည်း၊ အသက်ရှင်ရေးအတွက်ဝင်ငွေရှာရန်အလုပ်လုပ်ရခြင်းနှင့်၊ ဘဝ၏ အချိန်ကုန်ဆုံးမှုများကို ကျော်လွှားရခြင်းတို့ကြောင့်ကျန်းမာရေးနှင့်ညီညွတ်သောရွေးချယ်မှုများကိုနောက်ချန်ထားခဲ့ရတတ်ပါသည်။ သင့်ဘဝ၏ဟန်ချက်ညီမှုကဘယ်လိုရှိပါသလဲ?သင့်ကျန်းမာရေးကိုလုံလောက်စွာဂရုစိုက်နေပါသလား?

တမန်တော်ယောဟန်ကသူ့မိတ်ဆွေများအားပေးပို့သောနှုတ်ဆက်စကားကို(၃ ယောဟန် ၂) သည်စည်းစိမ်ချမ်းသာခြင်း၊ ကျန်းမာခြင်းနှင့်ဝိညာဉ်ရေးရာတို့၏ လှပသောဟန်ချက်ညီမှုပင်ဖြစ်သည်။

**တောင်းဆိုချက်**။ ။ သင့်ဆယ်ဖို့တစ်ဖို့နှင့်ကတိတော်လှူဒါန်းမှုများကိုပြန်လည်ဆောင်ရွက်သောအခါ၊ ငွေကြေးရှာဖွေနိုင်ရန် ကျန်းမာခြင်းနှင့်ခွန်အားကို ဘုရားသခင်ပေးသနားတော်မူကြောင်းသတိရပါ။ ဖန်ဆင်းရှင်၏ကျန်းမာရေးဆိုင်ရာနိယာမများကိုပိုမိုနီးကပ်စွာလိုက်နာနိုင်ရန်သင်ဘာလုပ်နိုင်မည်ကိုဆုတောင်းခြင်းဖြင့် စဉ်းစားဆင်ခြင်ပါ။ ထိုသို့ ဖြင့်ဘုရားသခင်၏ဘုန်းတော်ထင်ရှားပါစေ။ ယနေ့ သင်၏ယုံကြည်စွာပေးကမ်းလှူဒါန်းမှုအတွက် ကျေးဇူးတင်ပါသည်။

## ဥပုသ်အပတ်စဉ်(၂၃)
## ဇွန်လ(၆)ရက်
## "ဆိုဇိုး"

ဆိုဇိုး(Sozo)ဆိုသည်မှာဂရိစကားလုံးတစ်လုံးဖြစ်ပြီး"ကယ်တင်ခြင်း"၊"ကယ်တင်သည်"၊"ကျန်းမာစေသည်"ဟူသောအဓိပ္ပါယ်ရှိသည်။၄င်းသည်ခန္ဓာကိုယ်၊စိတ်နှင့်ဝိညာဉ်ဆိုင်ရာကျန်းမာခြင်းကိုခြုံငုံဖော်ပြသောစကားလုံးဖြစ်သည်။

လုကာ၈တွင်ကျန်းမာရေးပြဿနာပြင်းထန်စွာရှိသောအမျိုးသမီးတစ်ဦးအကြောင်းဖတ်ရသည်။ ၁၂ နှစ်ကြာကုသစရိတ်ကြီးမားသောရောဂါဝေဒနာခံစားနေရသူဖြစ်ပြီး ပိုင်ဆိုင်သမျှငွေကြေးအားလုံးကုန်ခဲ့သော်လည်း သူမသည်ပိုမိုဆိုးရွားလာခဲ့သည်။

ယေရှုတွင်သူမ၏ရောဂါကိုကျန်းမာစေနိုင်သောတန်ခိုးရှိသည်ဟုယုံကြည်ကာသူမသည်လူအုပ်ကြီးကိုတိုးဝှေ့ကာယေရှု၏ဝတ်လုံကိုထိခဲ့သည်။ အံ့ဖွယ်တန်ခိုးတော်ကြောင့်သူမသည်ခန္ဓာကိုယ်အရချက်ချင်းပင်ကျန်းမာသွားပြီး သူမကိုယ်တိုင်လည်းသိရှိခဲ့သည်။

သို့သော်ယေရှုတွင်သူမအတွက်ထို့ထက်ပို၍ကြီးမြတ်သောလက်ဆောင်ရှိသည်။ သူသည် သူမဘက်သို့လှည့်ကာ "သမီး၊ သင်၏ယုံကြည်ခြင်းက သင့်ကိုကျန်းမာစေပြီ၊ ငြိမ်သက်စွာသွားလော" (၈ယ် ၄၈)ဟုမိန့်တော်မူသည်။ သူမသည်ခန္ဓာကိုယ်ကျန်းမာရေးအတွက်လာခဲ့သော်လည်းယေရှုသည် သူမကိုခန္ဓာကိုယ်၊ စိတ်နှင့် ဝိညာဉ်အားဖြင့် လုံးဝကျန်းမာစေတော်မူသည်။ သူသည်သူမအားငြိမ်သက်ခြင်းကိုပေးတော်မူသည်။

ထိုကဲ့သို့နက်ရှိုင်းသောစိတ်အတွင်းငြိမ်သက်ခြင်းကိုလိုချင်ပါသလား။လိုချင်ပါကငွေကြေးနှင့်လူနေမှုပုံစံရည်မှန်းချက်များအတွက်အချိန်နှင့်စွမ်းအင်ကိုလျော့သုံးကာယေရှုသာလျှင်ပေးနိုင်သော ဆိုဇိုး(sozo)ကိုရှာဖွေကြည့်ပါ။ ၄င်းသည် ဘာနှင့်မျှယှဉ်၍မရနိုင်သောအဖိုးတန်သည့် လက်ဆောင်ပင်ဖြစ်သည်။

**တောင်းဆိုချက်**။ ။ ကျွန်ုပ်တို့အားကြိုတင်စီစဉ်၍ဝင်ငွေ၏%အလိုက်သီးသန့်ထားရှိရန်အားပေးထားသည့် ဤလျူဒါန်းမှုများဖြင့် ဘဝတစ်ခုလုံးကျန်းမာခြင်းအတွက် ဘုရားသခင်ထံတောင်းလျှောက်ကြပါစို့။ကျွန်ုပ်တို့၏ရုပ်ဝတ္ထုနှင့်လူနေမှုပုံစံရည်မှန်းချက်များကိုလိုက်စားရန်အချိန်ကိုလျှော့ချပြီးကျွန်ုပ်တို့၏လုပသောကယ်တင်ရှင်ယေရှုကိုပိုမိုအာရုံစိုက်ရန်အရေးကြီးပုံကို မြင်တွေ့နိုင်စေရန်သူ့ အားဖိတ်ခေါ် ကြပါစို့။

# ဥပုသ်အပတ်စဉ်(၂၄)
## ဇွန်လ(၁၃)ရက်
## "သင်ဖယ်ရီကားအသစ်ကိုလိုချင်ပါသလား"

ပီတာလို့ဟာ သူ့အစ်ကိုကလက်ဆောင်အဖြစ်ပေးတဲ့ စပေါ့တ်စ်ကားအသစ်လေးကို မောင်းပြီးမြို့တွင်းဝင်လာကာဈေးဝယ်နေတုန်းလမ်းဘေးမှာရပ်ထားလိုက်တယ်။ဈေးမှလက်ထဲရှိပစ္စည်းအိပ်တွေနဲ့ကားဆီပြန်ရောက်လာတဲ့အခါဆင်းရဲသားကလေးတစ်ယောက်ကသူ့ကားအသစ် ကိုမျက်လုံးပြူးကြီးနဲ့ငေးကြည့်နေတာတွေ့လိုက်ရတယ်။

ပီတာကားနားရောက်တဲ့အခါကလေးကရှက်ရှက်နဲ့မေးလိုက်တယ်။"ဆရာကြီးခင်ဗျား၊ဒီကားကဆရာကြီးပိုင်တာလား?""ဟုတ်တယ်လေ"လို့ပီတာကပြန်ဖြေတယ်။"ငါ့အစ်ကိုကလက်ဆောင်ပေးတာ။လက်ဆောင်ပါပဲ"ဒီလိုရက်ရောပြီး ဈေးကြီးတဲ့လက်ဆောင်ကိုကြားရတော့ ကလေးရဲ့မျက်လုံးတွေ ထွန်းလင်းသွားတယ်။ "အို........" လို့သူကပြောတယ်။ "အရမ်းကောင်းလိုက်တာနော်။ ငါလည်း.....ငါလည်း...."

ဒါပေမယ့် ကလေးစကားမပြီးသေးခင်ပီတာကဆက်ပြောလိုက်တယ်။" ဟုတ်တယ်သားရေ၊ငါသိတယ်။ မင်းလည်းဒီလိုအစ်ကိုမျိုးရှိချင်တယ်ဆိုတာ"

"မဟုတ်ပါဘူးဆရာကြီး၊ဒါမဟုတ်ပါဘူး" ကလေးကချက်ချင်းပြန်ဖြေတယ်။"ကျွန်တော်က...ကျွန်တော်က ဒီလိုအစ်ကိုမျိုးဖြစ်ချင်တာပါ"

ရှေးတုန်းကအာဗြဟံလိုပဲ၊ကျေးဇူးတော်ခံရသူတစ်ဦးချင်းစီဟာတခြားသူတွေကိုကျေးဇူးပြုဖို့အတွက်ကောင်းချီးပေးခြင်းခံရကြတာပါ (က ၁၂း၂)။

ယေရှုပြောခဲ့တာက"ခံယူတာထက်ပေးကမ်းတာကပိုပြီးကောင်းချီးရတယ်"(တ ၂၀း၃၅)။

**တောင်းဆိုချက်**။ ။ ဒီနေ့ဘုရားသခင်အတွက်ဆယ်ဖို့တစ်ဖို့နဲ့လက်ဆောင်ပဏ္ဏာတွေပြန်အပ်နှင်းတဲ့အခါသင်ကိုယ်တိုင်လည်းအဲဒီလိုပေးကမ်းတတ်တဲ့ညီအစ်ကိုတစ်ယောက်ဖြစ်အောင်ဘယ်လိုလုပ်ဆောင်နိုင်မလဲစဉ်းစားကြည့်ပါ။စပေါ့တ်စ်ကားတစ်စီးပေးနိုင်လောက်အောင်ချမ်းသာဖို့မလိုပါဘူး။ ဘုရားသခင်ကသင့်အား ကြီးကျယ်ခမ်းနားတဲ့ အရာတွေဖြစ်ဖြစ်၊သေးငယ်တဲ့အရာတွေဖြစ်ဖြစ်သင့်ထံမှာအပ်နှံထားတဲ့အရာတွေကိုကြည့်ပြီး လူတွေကိုချစ်ခင်စေဖို့ သုံးစွဲဖို့ပဲတောင်းဆိုထားတာပါ။

## ဥပုသ်အပတ်စဉ်(၂၅)
## ဇွန်လ(၂၀)ရက်
## "လျှင်မြန်စွာရွေ့လျားနေသောဘုရားဖူးများ"

စာရေးဆရာ C.S.Lewis ကဤသို့ရေးသားခဲ့သည်။ "ငါတို့၏ခမည်းတော်သည်ခရီးသွားခြင်းတွင်သာယာဖွယ်သောဟိုတယ်များဖြင့်ငါတို့ကိုလန်းဆန်းစေတော်မူသော်လည်း၊ထိုအရာများကိုအိမ်ဟုအထင်မှားမိစေရန်အားပေးတော်မူမည်မဟုတ်။"

ဘုရားသခင်ပေးတော်မူသောလောကီကောင်းချီးများအပေါ်ငါတို့စိတ်စွဲလမ်းလွန်းသဖြင့်ထိုအရာများသည်မည်သူ့အရာဖြစ်ပြီး မည်သည့်အတွက်ဖြစ်သည်ကို မေ့လျော့တတ်ကြသည်။ငါတို့၏ရင်းနှီးမြှုပ်နှံမှုများသည်အမှန်တကယ်အားဖြင့်ငါတို့၏အရာများမဟုတ်ပါ။ ငွေ၊အိမ်၊ရင်းနှီးမြှုပ်နှံမှုများ၊အဝတ်အစားများ၊အားကစားပစ္စည်းများ၊ပရိဘောဂများ၊အလှဆင်ပစ္စည်းများ၊ကိရိယာများ၊ ပင်ကိုယ်ပါရမီများကိုပါ ငါတို့အားငါတို့ခံစားရန် အပ်နှင်းထားခြင်းဖြစ်သည်မှန်သော်လည်း၊ငါတို့ကိုစမ်းသပ်ရန်လည်းဖြစ်သည်။ငါတို့သည်ထိုအရာများကိုထာဝရအကျိုးစီးပွားအတွက် သို့မဟုတ် အတ္တအတွက်အသုံးပြုမည်ကိုကြည့်ရှုရန်ဖြစ်သည်။

Halen Lemmel ကစာသားရေးစပ်ခဲ့သည့်အတိုင်း-"သင်၏မျက်စိကိုယေရှုအပေါ်သို့လှည့်လော၊သူ၏အံ့ဖွယ်သောမျက်နှာတော်ကိုအပြည့်အဝကြည့်လော့၊ထိုအခါကမ္ဘာ့အရာများသည်သူ၏ဘုန်းတော်နှင့်ကျေးဇူးတော်၏အလင်းတွင်ထူးဆန်းစွာမှေးမှိန်သွားလိမ့်မည်။"

**တောင်းဆိုချက်**။ ။ ယခုအချိန်တွင်ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့အလှူကိုပြန်ပေးရန်နှင့်ကတိတော်အလှူငွေများကိုပေးကမ်းရန်အချိန်ဖြစ်သည်။ ထိုအလှူများကိုကြိုတင်စီမံပြီး ဤအပတ်အတွင်းဝင်ငွေရဲ့% တစ်ခုအနေဖြင့် သီးသန့်ထားရှိရန်အားပေးထောက်ခံထားပါသည်။ ဘုရားသခင်အားငါတို့သည်ပေါ့ပေါ့ပါးပါးနေထိုင်နိုင်ပြီးလောကီအရာများ ပိုမိုလိုချင်သောအလိုဆန္ဒများဖြင့်နစ်မြုပ်မနေရန်ကူညီပေးပါရန်ဆုတောင်းကြပါစို့။ ငါတို့ရှေ့မှာရှိသောပြိုင်ပွဲကိုပြေးကြပြီးငါတို့ကိုနှေးကွေးစေမည့် အဝန်းအဝိုင်းတိုင်းကိုချွတ်ချန်ထားကြစို့။ သင်၏ယုံကြည်စိတ်ချရမှုအတွက် ကျေးဇူးတင်ပါသည်။

## ဥပုသ်အပတ်စဉ်(၂၆)
## ဇွန်လ(၂၇)ရက်
## "စိတ်နှလုံး၏ဘဏ္ဍာတိုက်"

စာတန်သည်တောကန္တာရ၌ယေရှုကိုစုံစမ်းသည့်အချိန်ကိုသတိရကြပါစို့။သင်လည်း အလားတူစုံစမ်းခြင်းများ ခံစားရဖူးပါသလား။ လူ့အဖွဲ့အစည်းနှင့်မီဒီယာများကသင့်ကို မြင့်မြတ်သောနေရာသို့ခေါ်ဆောင်သွားပြီး ကမ္ဘာ့ချမ်းသာကြွယ်ဝမှုနှင့်ဇိမ်ခံပစ္စည်းအားလုံးဖြင့်သင့်ကိုစုံစမ်းသည်ဟု ခံစားရဖူးပါသလား။

ဝမ်းနည်းစရာကောင်းသည်မှာ၊ငါတို့သည်ဤစုံစမ်းခြင်းများကိုကလေးငယ်များကဲ့သို့ "ငါဒါလိုချင်တယ်။ ငါဒါလိုချင်တယ်၊အခုချက်ချင်းလိုချင်တယ်" ဟုပြောဆိုကာ တုံ့ ပြန်တတ်ကြသည်။ လူများစွာတို့သည်မိမိတို့လိုအပ်သည်ထက်ပိုမိုများပြားစွာ စုဆောင်းပြီးဖြစ်သော်လည်း၊ "နည်းနည်းလေးပိုရရန်" စွဲလမ်းနေကြဆဲဖြစ်သည်။

မဿဲ ၆း၁၉၊၂၁ တွင်ခရစ်တော်၏မိန့်မှာချက်သည်အကြံပြုချက်သက်သက်မဟုတ်ဘဲပညတ်တစ်ရပ်ဖြစ်သည်။ "မိမိတို့အဘို့အလို့ငှာ မြေကြီးပေါ်မှာဘဏ္ဍာတိုက်များကိုမစုကြနှင့်။ အကြောင်းမူကား၊သင်တို့ဘဏ္ဍာတိုက်ရှိရာ၌ သင်တို့စိတ်နှလုံးလည်းရှိလိမ့်မည်။

ထိုသို့ ဖြစ်ခြင်းသည်ကောင်းသောအရာမဟုတ်ပါ။

"သင်၏မျက်စိကိုယေရှုအပေါ်သို့လှည့်လော့၊ သူ၏အံ့ဖွယ်သော မျက်နှာတော်ကိုအပြည့်အဝကြည့်လော့။ ထိုအခါ ကမ္ဘာ့အရာများသည်သူ၏ဘုန်းတော်နှင့် ကျေးဇူးတော်၏အလင်းတွင်ထူးဆန်းစွာမှေးမှိန်သွားလိမ့်မည်" ဟု ဆိုသောဓမ္မသီချင်းဟောင်းအတွက်ဘုရားသခင်ကိုကျေးဇူးတင်ပါ၏။

**တောင်းဆိုချက်။** ။ ယခုအချိန်တွင် ဘုရားသခင်၏ဆယ်ဖို့အလှူကိုပြန်ပေးကြပြီးမိမိတို့၏ဝင်ငွေ၏ % တစ်ခုအနေဖြင့်သီးသန့်ထားရှိထားသောကတိတော်အလှူငွေကိုပေးကမ်းကြရာတွင်၊ထာဝရအမြင်၏အလင်းထဲတွင် ဤကမ္ဘာ၏ဆွဲဆောင်မှုများနှင့်အာရုံပျံ့လွင့်စေမှုများကိုမြင်တွေ့နိုင်ရန်ဘုရားသခင်အား ကူညီပေးရန်ဆုတောင်းကြစို့။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်၊ ကျွန်ုပ်တို့သည်မိမိတို့၏မျက်စိကိုယေရှုအပေါ်သို့လှည့်နိုင်ပြီး၊ မိမိတို့၏ဘဏ္ဍာတိုက်များကို သူ၏စိတ်နှလုံးနှင့်သက်ဆိုင်သောမစ်ရှင်နှင့် ဝန်ဆောင်မှုများအတွက်ဝမ်းမြောက်ဝမ်းသာစွာပေးကမ်းနိုင်ပါစေသား။

# ဥပုသ်အပတ်စဉ်(၂၇)
# ဇူလိုင်လ(၄)ရက်
# “ယုံကြည်ခြင်းကိုစွဲကိုင်ထားပါ”

ခရစ်နှစ် ၆၅ ခုနှစ်၊ရောမမြို့တွင်သင်ရောက်ရှိနေသည်ဟုစိတ်ကူးကြည့်ပါ။ တမန်တော်ရှင်ပေါလုသည်ထောင်ချခံနေရပြီး နီးကပ်လာသော ကွပ်မျက်ခြင်းကိုစောင့်မျှော်နေသည်။

ဆယ်စုနှစ်များစွာ၊ပေါလုသည်ချမ်းသာသူများနှင့်ဆင်းရဲသူများအားဝန်ဆောင်မှုပြုခဲ့သည်။ယေရှု၏နောက်လိုက်များဟုဝန်ခံသူတို့သည်ပေးသူကိုဘုန်းမထူးဘဲဘုရားသခင်၏လက်ဆောင်များကိုမိမိကိုယ်ကိုဘုန်းထူးရန်အသုံးပြုသည်ကိုသူမြင်တွေ့ခဲ့ရသည်။သူသည်၎င်းတို့အားလူ့ပါရမီကိုချီးမြှင့်ခြင်း၊ကမ္ဘာ့အောင်မြင်မှုကိုရိုသေလေးစားခြင်း၊ မြေကြီးပေါ်ကဇိမ်ခံပစ္စည်းများကိုတောင့်တခြင်းနှင့်၎င်းတို့၏ကလေးများအားလည်းထိုနည်းတူပြုလုပ်စေခြင်းတို့ကိုမြင်တွေ့ရသည်။

ချမ်းသာတော်မူသောယေရှုသည် ငါတို့ကြောင့်ဆင်းရဲခြင်းသို့ရောက်တော်မူခဲ့ပြီး၊ငါတို့သည်ထိုဆင်းရဲခြင်းအားဖြင့်ထာဝရချမ်းသာစေခြင်းငှာခံရကြပြီဟူသောယေရှု၏နမူနာကိုအမြဲလိုက်နာခြင်းမရှိသည့်အတွက် သူဝန်ခံပြီးအပြစ်ရှိသည်ဟုခံစားခဲ့ရဖူးသည်။

သေခြင်းနီးကပ်လာသည်နှင့်အမျှ၊ပေါလုသည်တိမောသေအား စာရေးသားခဲ့သည်။ သူက”ကောင်းသောတိုက်ပွဲကိုငါတိုက်ပြီ။ ပြေးရာလမ်းကိုပြီးစီးပြီ။ ယုံကြည်ခြင်းကိုစွဲကိုင်လျက် ရှိပြီ” (၂တိ ၄း၇) ဟု နိဂုံးချုပ်ခဲ့သည်။

ထိုအရာသည် ငါတို့အတွက်ပေါလု၏ဆုတောင်းချက်လည်း ဖြစ်သည်။ ဘဝ၏ဆုံးဖြတ်ချက်အားလုံးတွင် ယုံကြည်ခြင်းကိုစွဲကိုင်ထားရန် သူသည်ငါတို့အားအားပေးတိုက်တွန်းခဲ့သည်။

**တောင်းဆိုချက်**။ ။ ယခုအချိန်သည်ဘုရားသခင်၏ဆယ်ဖို့အလှူကိုပြန်ပေးရန်နှင့်ကတိတော်အလှူငွေများကိုပေးကမ်းရန်အချိန်ဖြစ်သည်။ ထိုအလှူများကိုကြိုတင်စီမံပြီး ဤအပတ်အတွင်းဝင်ငွေရဲ့ % တစ်ခုအနေဖြင့်သီးသန့်ထားရှိရန်အားပေးထောက်ခံထားပါသည်။ ဘုရားသခင်အား ငါတို့သူ့ကို တင်းတင်းကြပ်ကြပ်စွဲကိုင်နိုင်ရန် ကူညီပေးပါရန်ဆုတောင်းကြပါစို့။ ဆယ်ဖို့အလှူနှင့်အလှူငွေများကိုပြန်ပေးခြင်းအတွက် ဘုရားသခင်၏သစ္စာတော်ကို ဆင်ခြင်သုံးသပ်ကြပါစို့။ ယုံကြည်ခြင်းကို စွဲကိုင်ထားကြပါစို့။

## ဥပုသ်အပတ်စဉ် (၂၈)
## ဇူလိုင်လ(၁၁)ရက်
## “ကမ္ဘာ့မစ်ရှင်ရန်ပုံငွေလှူဒါန်းခြင်း”

ယနေ့ဆယ်ဖို့တစ်ဖို့နှင့်လှူဒါန်းငွေများကို မကောက်ခံမီ၊ လှူဒါန်းငွေများကိုဘုရားသခင်၏နိုင်ငံတော်အတွက်မည်သို့ရင်းနှီးမြှုပ်နှံသည်ကို သင်တို့အားမျှဝေချင်ပါသည်။

သင်၏လှူဒါန်းငွေကို “ပေါင်းစပ်လှူဒါန်းငွေအစီအစဉ်” အကြံပြုသည့်အတိုင်းခွဲဝေသောအခါ၊သင်၏စုစုပေါင်းလှူဒါန်းငွေ၏၂၀%သည်ကမ္ဘာ့မစ်ရှင်ရံပုံငွေကိုထောက်ပံ့ပေးပါသည်။ ဤရန်ပုံငွေမှ အရင်းအမြစ်များကိုဗဟိုညီလာခံမှ ကမ္ဘာ့ဌာနခွဲများ၊ပြည်နယ်အသင်းချုပ်များနှင့်လက်တွေ့အသင်းတော်များသို့ ဖြန့်ဝေပေးပြီးထိုဒေသများရှိ ရှေ့တန်းမစ်ရှင်လုပ်ငန်းများတည်ဆောက်ရန်နှင့် ရှင်သန်ထွန်းကားရန် ကူညီပေးပါသည်။

ကမ္ဘာ့လူဦးရေ၏ ၆၆% သည်ယေရှုအကြောင်းလန်းဆန်းစေသောသတင်းကိုကြားနာရန်စောင့်မျှော်နေဆဲဖြစ်ကြောင်း သင်သိပါသလား။ သတင်းကောင်းမှာ မကြာသေးမီနှစ်များအတွင်းသန်းပေါင်းများစွာသောလူများ အခက်ခဲဆုံးသောနေရာများတွင်ပင်၊ ယေရှုထံ၌ကယ်တင်ခြင်းကိုရရှိပြီးသတ္တမနေ့ခရစ်ယာန်အသင်းတော်ထဲသို့ဝင်ရောက်လာခဲ့ကြပါသည်။

**တောင်းဆိုချက်**။ ။တစ်ဦးချင်း၏လှူဒါန်းမှုများသည် ဝေးဝေးမရောက် နိုင်သော်လည်း၊ အတူတကွလှူဒါန်းသောအခါသန်းပေါင်းများစွာသောလူများ၏အသက်တာများကို ပြောင်းလဲစေနိုင်ပါသည်။ သင့်ဒေသနယ်မြေသည် ”ပေါင်းစပ်လှူဒါန်းငွေအစီအစဉ်” ကို ကျင့်သုံးပါက (အဓိကအားဖြင့်ခရစ်ယာန်အသင်းတော်ကမ္ဘာတွင်မှန်ကန်ပါသည်)၊ သင်၏သတ်မှတ်မထားသောကတိတော်လှူဒါန်းငွေအားလုံး၏ ၂၀% ကို အလိုအလျောက် ကမ္ဘာ့မစ်ရှင်ရန်ပုံငွေသို့ သတ်မှတ်ပေးသွားမည်ဖြစ်သည်။သို့သော်သင်သည်သင်၏ဆယ်ဖို့နှင့်ကတိတော်လှူဒါန်းငွေများအပြင်ကမ္ဘာ့မစ်ရှင်ရန်ပုံငွေသည် တိုက်ရိုက်လှူဒါန်းခြင်းဖြင့်ပိုမိုပြုလုပ် ရန်ဆုံးဖြတ်နိုင်ပါသည်။ ဘုရားသခင်သည် သင်၏လှူဒါန်းငွေများကိုကမ္ဘာအနှံ့ရှိလူများ၏ အသက်တာများကို ပြောင်းလဲရန် အသုံးပြုပေးပါလိမ့်မည်။

# ဥပုသ်အပတ်စဉ်(၂၉)

## ဇူလိုင်လ(၁၈)ရက်

## “လှူဒါန်းခြင်းသည်ကျွန်ုပ်တို့၏ဇိမ်ခံခြင်းဖြစ်သည်”

ချမ်းသာသောခရစ်ယာန်များကငင်းတို့၏ကောင်းချီးများကိုမကြွားဝါခဲ့သောခေတ်ကာလမှလာခဲ့သူများဖြစ်သည်။ ၎င်းတို့ပိုင်ဆိုင်သောဆင့်တစ်ဆင့်ပင်ဘုရားသခင်၏ဥစ္စာဖြစ်ပြီးသူ၏ဘုန်းတော်အတွက်သာချန်ထားခဲ့ရသည်။ မိမိကိုယ်ကျိုးအတွက်မဟုတ်ဟုယုံကြည်ခဲ့ကြသည်။

သူတို့သည်ဇိမ်ခံပစ္စည်းများနှင့်ပျော်ပျော်ရွှင်ရွှင်နေထိုင်နိုင်ခဲ့သော်လည်း၊သာမန်အိမ်ထောင်စုဝင်ငွေထက်များစွာနည်းပြီး ရိုးရိုးရှင်းရှင်းနှင့် သက်တောင့်သက်သာ နေထိုင်ခဲ့ကြသည်။ ၎င်းတို့၏ချမ်းသာမှုလက္ခဏာကိုမမြင်ရအောင်နေထိုင်ခဲ့ကြသည်။

အဖေကြီးကသူတို့၏ဘဝကိုပိုမိုသက်တောင့်သက်သာဖြစ်စေနိုင်သည့်အဆင့်မြှင့်ရွေးချယ်စရာရှိသော်လည်းထပ်မံ၍မလိုအပ်ပဲချွေတာသောဆုံးဖြတ်ချက်တစ်ခုကိုချမှတ်နေသည်ကိုမြင်တွေ့ရသောအခါ၊ကျွန်ုပ်က“အဖေ၊အဖေနဲ့အမေကကိုယ်တို့အတွက်ပိုသုံးစွဲကြပါလျှက်၊ဘဝရဲ့ဇိမ်ခံစရာတွေကိုပိုပြီးခံစားကြပါလျှက်၊ဘာကြောင့်များလဲ”ဟုမေးမြန်းခဲ့သည်။

နှစ်၂၀ကြာပြီးနောက်တွင်၊သူ၏ရိုးရှင်းသော်လည်းအသက်တာပြောင်းလဲစေသောအဖြေသည်ကျွန်ုပ်၏နားထဲတွင် ယခုထိတိုင် ပဲ့တင်ထပ်နေဆဲဖြစ်သည်။ ”ကျေးဇူးပြု၍လှူဒါန်းခြင်းဟာကျွန်တော်တို့ရဲ့ဇိမ်ခံစရာပါ။”

**တောင်းဆိုချက်**။ ။ ဘုရားသခင်၏ ဆယ်ဖို့ကိုပြန်အပ်ရန်နှင့် ကတိတော်လှူဒါန်းငွေများကိုပေးလှူရန်အချိန်ရောက်ပါပြီ။ကျွန်ုပ်တို့အား၌အပတ်အတွင်းဝင်ငွေ၏%တစ်ခုအနေဖြင့်ကြိုတင်စီစဉ်ပြီးချန်ထားရန် အားပေးထားပါသည်။ ကောင်းကင်နိုင်ငံတော်ကြီးထွားစေရန် အတွက်ဇိမ်ခံစရာအဖြစ်ကျွန်ုပ်တို့ခံစားနေသောဇိမ်ခံစရာများ၊ ကြီးမားသည်ဖြစ်စေ၊ သေးငယ်သည်ဖြစ်စေ ဆုတောင်းပြီးသဘောထားစဉ်းစားကြပြီး ၎င်းတို့အနက်မှအချို့ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေစွန့်လွှတ်ရန်ဆုံးဖြတ်ကြပါစို့။ သင်၏ ယုံကြည်စိတ်ချရမှုအတွက် ကျေးဇူးတင်ပါသည်။

# ဥပုသ်အပတ်စဉ်(၃၀)
## ဇူလိုင်(၂၅)ရက်
## “အသိအမှတ်ပြုပေးအပ်ခြင်း”

အော့စ်ဝေါလ်ချမ်ဘာ့စ်ကMy Utmost for His Highest (အမြင့်ဆုံးအတွက်ကျွန်ုပ်၏အပြည့်စုံဆုံး) ဟူသောစာအုပ်ကိုရေးသားခဲ့သည်။ ၎င်းကို”အချိန်တိုင်းတွင်အချစ်ခံရဆုံးဝိညာဉ်ရေးရာအကျဉ်းချုပ်” အဖြစ်ဖော်ပြခံရသည်။

ကျွန်ုပ်တို့၏ပညာဉာဏ်များ၊ငွေကြေးများနှင့်ကျွန်ုပ်တို့ရှိသမျှအားလုံးသည်ကျွန်ုပ်တို့ပိုင်ဆိုင်သည်ဟုထင်မြင်ရန်အလွန်လွယ်ကူပြီး၊၎င်းနှင့်အတူလာနိုင်သောအကျိုးအမြတ်၊ ချီးမွမ်းခြင်းသို့မဟုတ်အားပေးခြင်းများကိုလက်ခံရန်လည်းလွယ်ကူသည်။ သို့သော်၎င်းသည်ဘုရားသခင်၏နည်းလမ်းမဟုတ်ပါ။

ပရောဖက်များနှင့်ဘုရင်များစာအုပ်၊စာမျက်နှာ၆၈တွင်အယ်လင်ဝှိုက်ကဤသို့ရေးသားခဲ့သည်။ - “ကြီးမြတ်မှု၏အထွန်အထိပ်သို့ရောက်ရှိလာပြီး ကံကောင်းခြင်းဆုကျေးဇူးများဖြင့်ဝန်းရံခံရသောအခါ၊ ရှောလမုန်သည်ခေါင်းမာပြီး၊ ဟန်ချက်ပျက်ကာလဲကျခဲ့သည်။ ဤနည်းအားဖြင့်ယေဟောဝါ၏ဗိမာန်တော်သည် တိုင်းနိုင်ငံအသီးသီးတွင် “စောလမုန်၏ဗိမာန်တော်” အဖြစ်လူသိများလာခဲ့သည်။ လူသားအာဏာစက်က”အမြင့်ဆုံးထက်မြင့်မြတ်သော” ပုဂ္ဂိုလ်(ဒေသနာ ၅း၈)နှင့်သက်ဆိုင်သောဘုန်းတော်ကိုမိမိဘာသာယူဆောင်သွားခဲ့သည်။... ကောင်းကင်ဘုံမှပေးအပ်သောဆုကျေးဇူးများအတွက်ဂုဏ်ကျေးဇူးကိုမိမိအားတင်၍လူသားများအားခွင့်ပြုခြင်းထက်လူသားသည် ပို၍အားနည်းချက်ကိုမပြနိုင်ပေ။”

ကိုယ်တော်၏ဂုဏ်ကျေးဇူးကို ကျွန်ုပ်တို့၏ဖန်ဆင်းရှင်၊ ထိန်းသိမ်းစောင့်ရှောက်သူနှင့်ရွေးနှုတ်ရှင်ဘုရားသခင်အားအမြဲပေးအပ်ခြင်း၏ ဝမ်းမြောက်ခြင်းအားဖြင့်ယနေ့အနားယူခြင်းနှင့်ငြိမ်းချမ်းခြင်းကိုရှာကြံကြစို့။

**တောင်းဆိုချက်**။ ။ယနေ့ ဘုရားသခင်၏ဆယ်ဖို့ကိုပြန်အပ်ရန်နှင့်ကတိတော်လှူဒါန်းငွေများကိုပေးလှူကြစဉ်၊သင်၏ပညာဉာဏ်၊ဆုကျေးဇူးများနှင့်ငွေကြေးများကိုပေးသနားတော်မူသည့်အတွက် ဘုရားသခင်အားကျေးဇူးတင်သောစကားကို ဆုတောင်းပဌနာပြုပြီး၊၎င်းအားလုံးကိုသစ္စာရှိသောအုပ်ထိန်းသူတစ်ဦးဖြစ်ရန်ရှာဖွေစဉ် သင့်အားလမ်းပြရန် ကိုယ်တော်ထံတောင်းလျှောက်ပါ။

# ဥပုသ်အပတ်စဉ် (၃၁)
## ဩဂုတ်လ(၁)ရက်
## ”ငွေရေးကြေးရေးစိတ်ချမ်းသာခြင်း”

လက်တီမာနှင့်ရစ်ဒ်လေတို့၏အမည်များသည်သမိုင်းတွင်အတူတွဲနေရသည့်အကြောင်းမှာ ၁၅၅၅ ခုနှစ်အောက်တိုဘာလ၁၆ရက်နေ့တွင်သူတို့နှစ်ဦးကိုသံတိုင်တစ်ခုတည်းတွင်အတူချည်၍ အရှင်လတ်လတ်မီးရှို့သတ်ခံခဲ့ရသောသွေးသောက်ညီနောင်များအဖြစ်ရပ်တည်ခဲ့ကြသောကြောင့်ဖြစ်သည်။ ရစ်ဒ်လေ အသတ်ခံရမည့်နေ့ရက်မတိုင်မီညတွင် သူ၏မိတ်ဆွေတစ်ဦးကသူ့အားနှစ်သိမ့်အားပေးရန် တစ်ညလုံးသူ့အနားတွင်နေပေးမည်ဟု ကမ်းလှမ်းခဲ့သော်လည်း ရစ်ဒ်လေက “ဘုရားသခင်အလိုတော်ရှိလျှင်ယနေ့ညတွင်ကျွန်ုပ်ဘဝတစ်လျှောက် အိပ်ခဲ့သကဲ့သို့ပင်တိတ်ဆိတ်စွာအိပ်ပျော်ရန် စီစဉ်ထားပါသည်” ဟုယဉ်ကျေးစွာငြင်းပယ်ခဲ့သည်။

ထိုသို့စိတ်ချမ်းသာရန်ပြည့်ဝသောကျန်းမာရေးလည်းမလို၊ကြွယ်ဝချမ်းသာမှုလည်းမလို၊စိတ်ကူးယဉ်ပုံပြင်ထဲကကဲ့သို့ဆက်ဆံရေးလည်းမလိုပါ။ ဘုရားသခင်ကိုတွေ့သောအခါကျွန်ုပ်တို့စိတ်ချမ်းသာခြင်းရရှိသည်။ဖိလိပ္ပိ ၄း၆၊၇ တွင်ရှင်ပေါလု ရေးသားခဲ့သည့်အတိုင်း “အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲအရာရာ၌ ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွဆုတောင်းပြုသောအားဖြင့်၊သင်တို့တောင်းပန်လိုသောအရာများတို့ကိုဘုရားသခင်အားကြားလျှောက်ကြလော့။” သင်သည်စိတ်ချမ်းသာခြင်းကိုရှာဖွေနေပါသလား။ဘုရားသခင်ကိုအရင်ရှာပါ။ ထိုသို့ဆိုလျှင်သင်သည်ကောင်းစွာအိပ်ပျော်လိမ့်မည်။

**တောင်းဆိုချက်**။ ။ ယခုအချိန်သည်ဘုရားသခင်အားဆယ်ဖို့တဖို့ပြန်ပေးအပ်ရန်နှင့်အလှူငွေများဆက်သရန်အချိန်ဖြစ်သည်။ ဤအရာများကိုကျွန်ုပ်တို့၏ဝင်ငွေ၏ % တစ်ခုအနေဖြင့်ကြိုတင်စီစဉ်ပြီးသီးသန့်ထားရှိရန်အားပေးထောက်ခံပါသည်။သင်သည်ငွေကြေးဆိုင်ရာစိတ်ချမ်းသာခြင်းကိုရှာဖွေနေပါသလား။ ဆယ်ဖို့တဖို့နှင့်အလှူငွေများလှူဒါန်းခြင်းသည် ဘုရားသခင်အားသစ္စာရှိခြင်းနက်ရှိုင်းသည့်စိတ်ချမ်းသာခြင်းကိုပေးစွမ်းနိုင်သည်။ သင်၏သစ္စာရှိမှုအတွက်ကျေးဇူးတင်ပါသည်။

## ဥပုသ်အပတ်စဉ်(၃၂)
## ဩဂုတ်လ(၈)ရက်
## “ကရုဏာတရားပြည့်ဝသော စီးပွားရေးစနစ်”

မေးခွန်းတစ်ခုမေးမြန်းလိုပါသည်။ ငွေကြေးအာဏာဖြင့်မောင်းနှင်သော၊ စီးပွားရေးစနစ်ကြီးထွားလာသောလူ့အဖွဲ့အစည်းများတွင်နေထိုင်ကြသောခရစ်ယာန်များအနေဖြင့်လူ့အဖွဲ့အစည်း၏ထုတ်လုပ်မှုတွင်အကျိုးပြုနိုင်သူများဖြစ်နေစဉ်၊လူအားလုံးအတွက်ခရစ်တော်ကဲ့သို့အတ္တမပါသော ကျေးကျွန်များမည်သို့ ဖြစ်နိုင်မည်နည်း။

ကရုဏာတရားပြည့်ဝသောစီးပွားရေးစနစ်သည်အယူအသစ်မဟုတ်ပါ။ နှစ်ပေါင်းလေးထောင်ကပင်၊ကမ္ဘာ ၁၂း၁-၃တွင် အာဗြဟံအားဘုရားသခင်က ကြီးမားစွာကောင်းချီးပေးမည်ဟုမိန့်တော်မူခဲ့သည်။အဘယ်ကြောင့်ဘုရားသခင်သည်အာဗြဟံအားကောင်းချီးပေးတော်မူခဲ့သနည်း။အာဗြဟံသည်လူအားလုံးကောင်းချီးခံစားရန် ကောင်းချီးပေးခြင်းခံရသည်။ ထိုအရာသည်ပင်လျှင် ကရုဏာတရား ပြည့်ဝသောစီးပွားရေးစနစ်ဖြစ်ပါသည်။

လုကာ၆း၃၈တွင်ယေရှုက“သူတပါးအားပေးကြလော့။ပေးလျှင်သူတပါးသည်သင်တို့အားပေးကြလိမ့်မည်” ဟု မိန့်တော်မူခဲ့သည်။

၁တိ၆း၁၇-၁၉တွင် “ဤဘဝ၌ ငွေရတတ်သောသူတို့သည် မာန်မာနစိတ်နှင့် ကင်းလွတ်၍၊မမြဲသောစည်းစိမ်ကိုမကိုးစားဘဲ၊”ကရုဏာတရားပြည့်ဝသောစီးပွားရေးစနစ်သည် ဘုရားသခင်၏ဖန်ဆင်းမှု၊ ရက်ရောမှုနှင့်မေတ္တာတော်ကို ကျွန်ုပ်တို့ ပြန်လည်ရောင်ပြန်ဟပ်ခြင်းသာဖြစ်သည်။

**တောင်းဆိုချက်။** ။ ယခုအချိန်သည်ဘုရားသခင်အားဆယ်ဖို့တဖို့ပြန်ပေးအပ်ရန်နှင့်အလှူငွေများဆက်သရန်အချိန်ဖြစ်သည်။ဤအရာများကိုကျွန်ုပ်တို့၏ဝင်ငွေ၏%တစ်ခုအနေဖြင့်ကြိုတင်စီစဉ်ပြီးသီးသန့်ထားရှိရန်အားပေးထောက်ခံပါသည်။ ဘုရားသခင်ပေးသနားတော်မူသောကောင်းချီးများစွာကိုသစ္စာရှိစွာစီမံခန့်ခွဲနေစဉ် အစဉ်ကရုဏာသက်ဝင်သူများဖြစ်နိုင်ရန် ဘုရားသခင်အားတောင်းလျှောက်ကြပါစို့။ သင်၏သစ္စာရှိမှုအတွက်ကျေးဇူးတင်ပါသည်။

# ဥပုသ်အပတ်စဉ် (၃၃)
# ဩဂုတ်လ(၁၅)ရက်
# “ရှင်ကျန်သူ၏အပြစ်ရှိသည်ဟူသော ခံစားချက်”

ဘေးအန္တရာယ်တိုင်းတွင် ဒဏ်ရာရသူများနှင့်ရှင်ကျန်သူများ ရှိစမြဲဖြစ်သည်။ သင့် တက်စီကြောင့်နောက်ကျခဲ့ရာပျက်ကျသွားပြီးလေယာဉ်ပေါ် ရှိလူအားလုံးသေဆုံးခဲ့သော လေယာဉ်ကိုလွတ်ခဲ့ပေမည်။

ဘေးဒဏ်သို့မဟုတ်စိတ်ဒဏ်ရာရစေသောဖြစ်ရပ်တစ်ခုမှလွတ်မြောက်ခဲ့ခြင်းသည် အခြားသူများဒဏ်ရာရခဲ့သောအခါကျွန်ုပ်တို့မထိခိုက်မိသောကြောင့်တစ်ခုခုမှားယွင်းမိသည် ဟုယုံကြည်စေနိုင်သည်။ အကြမ်းဖက်မှုများ များပြားလာပြီး သဘာဝနှင့်လူလုပ်ဘေးအန္တ ရာယ်များကျယ်ပြန့်စွာဖြစ်ပွားနေသော ဤလောက၌ခရစ်ယာန်ရှင်ကျန်သူတစ်ဦးအနေဖြင့် မည်သို့တုန့်ပြန် သင့်သနည်း။

သင်၏ကိုယ်ပိုင်ကောင်းချီးမင်္ဂလာများကိုခံစားနေရပြီး ၄င်းများသည် မတရားဟု ထင်မြင်နေလျှင်ပင်၊ကောင်းချီးများအတွက်ဘုရားသခင်ကိုကျေးဇူတင်ခြင်းဖြင့်ချီးမွမ်းပြီး နောက် ၄င်းကောင်းချီးများကိုဆက်လက်ဖြန့်ဝေရန် ကျွန်ုပ်အားပေးလိုပါသည်။ တမန် ၂၀း၃၅ တွင်ယေရှုခရစ်တော်မိန့်တော်မူသည့်အတိုင်း” ထိုသို့ သင်တို့သည်လည်း အလုပ်လုပ်၍အား နည်းသောသူတို့ကိုမစရမည်ကို၄င်း၊..........” သင်အသက်ရှင်ကျန်ရစ်ခြင်း၌ ရည်ရွယ်ချက်ရှိ ပါသည်။

**တောင်းဆိုချက်**။ ။ ဘုရားသခင်အားဆယ်ဖို့တဖို့ ပြန်ပေးအပ်ရန်နှင့် အလှူငွေများဆက် သရန်ပြုလုပ်စဉ်၊သင့်လောက်ကောင်းချီးမင်္ဂလာရှိသည်ဟုမခံစားရသောသူများအားကူညီ ဖေးမနိုင်မည့်နည်းလမ်းများကိုစဉ်းစားဆင်ခြင်ပါ။ကြီးမားသောဆုံးရှုံးမှုတစ်ခုကိုကြုံတွေ့နေ ရသူတစ်ဦးဦးကိုရှာဖွေပြီး၊သင်၏ဆုံးရှုံးမှုကာလများတွင်ဘုရားသခင်ပေးခဲ့သောနှစ်သိမ့်မှု ကို၄င်းတို့အားပေးဆောင်ပါ။သင်၏ရက်ရောစွာပေးကမ်းမှုအတွက်ကျေးဇူးတင်ပါသည်။

# ဥပုသ်အပတ်စဉ်(၃၄)
# ဩဂုတ်လ(၂၂)ရက်
# "အသက်ရှင်စဉ်ပေးကမ်းပါ"

အသက်ရှင်စဉ်ပေးကမ်းပါ။ သို့မှသာ သင်၏လှူဒါန်းမှုများမည်သို့အသုံးပြုသည်ကို သိနိုင်မည်" ဟူသောစကားကိုသင်ကြားဖူးပါသလား။ သင်ကွယ်လွန်သောအခါ သင်၏မိသားစုနှင့် ဘုရားသခင်၏အမှုတော်အတွက်ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ချန်ထားခြင်းသည်ကောင်းမွန်သော်လည်း၊ ဘုရားသခင်သည်ကျွန်ုပ်တို့အသက်ရှင်နေစဉ် ရက်ရောစွာပေးကမ်းရန်လည်းခေါ်တော်မူပါသည်။

အချို့သောအမွေဆိုင်းငံ့မှုများတွင်လောဘကြီးသောအမွေခံများသည်ကွယ်လွန်သူ၏ဆန္ဒများကို လျစ်လျူရှုကြသည်ကိုကြားဖူးပါလိမ့်မည်။

ယေရှုခရစ်တော်၏နောက်လိုက်များအနေဖြင့်၊ဘုရားသခင်ကကျွန်ုပ်တို့အားစီမံခန့်ခွဲရန်အပ်နှင်းထားသောသူ၏ပိုင်ဆိုင်မှုများကိုအသက်ရှင်စဉ်နှင့်ကွယ်လွန်ပြီးနောက်ပိုင်းတွင်မည်သို့ဆောင်ရွက်သင့်သည်ကိုကြည့်ရှုစဉ်းစားရမည်။

Counsels on Stewardship စာအုပ်တွင်အယ်လင်ဂျီဝှိုက်က "ကွယ်လွန်သူ၏အမွေပေးခြင်းသည်အသက်ရှင်နေသော စေတနာ့ဝန်ထမ်းခြင်း၏ ယုတ်ညံ့သောအစားထိုးမှုသာဖြစ်သည်။ ဘုရားသခင်၏ကျေးကျွန်များသည် ကောင်းမြတ်သောအကျင့်များနှင့် ဘုရားသခင်အားရက်ရောစွာလှူဒါန်းခြင်းဖြင့်နေ့စဉ်မိမိတို့၏စေတနာအမွေများကိုပြုလုပ်နေသည့်သည်" (စာမျက်နှာ ၃၂၆) ဟုရေးသားခဲ့သည်။

**တောင်းဆိုချက်။** ။ ယခုအချိန်သည် ဘုရားသခင်အားဆယ်ဖို့တစ်ဖို့ပြန်ပေးအပ်ရန်နှင့်အလှူငွေများဆက်သရန်အချိန်ဖြစ်သည်။ဘုရားသခင်သည်အရာခပ်သိမ်း၏ပိုင်ရှင်ဖြစ်တော်မူကြောင်းနှင့်ကျွန်ုပ်တို့အသက်ရှင်နေသောနေ့ရက်တိုင်းတွင်သူ၏လက်ဆောင်တော်အားလုံး၏သစ္စာရှိသောအိမ်ထိန်းများဖြစ်ရန်ဖိတ်ခေါ်တော်မူကြောင်းသတိရကြပါစို့။ အသက်ရှင်နေစဉ်ပေးကမ်းလှူဒါန်းကြပါစို့။ သို့မှသာ ကျွန်ုပ်တို့၏လှူဒါန်းမှုများမည်သို့အသုံးပြုသည်ကိုသိနိုင်မည်။ သင်၏သစ္စာရှိမှုအတွက်ကျေးဇူးတင်ပါသည်။

## ဥပုသ်အပတ်စဉ်(၃၅)
## ဩဂုတ်လ(၂၉)ရက်
## "ပို၍ရှည်သောစားပွဲများ"

စာရေးဆရာတစ်ဦးက"အကယ်၍သင်သည်အခြားသူများထက်ကံကောင်းသူဖြစ်လျှင်၊ပို၍မြင့်သောခြံစည်းရိုးကိုမဆောက်ဘဲ၊ပို၍ရှည်သောစားပွဲကိုဆောက်လိုက်ပါ" ဟုရေးသားခဲ့ဖူးပါသည်။

အဘယ်မျှလှပပြီး အာနိသင်ပြင်းထန်သော ကြေညာချက်နည်း။ ၎င်းကိုချရေးထားပြီးနေ့စဉ်ဘဝတွင်ကျင့်သုံးရန်ရှာဖွေလိုက်ပါ။

ဘုရားသခင်က ကျွန်ုပ်တို့အား ကောင်းချီးပေးသောအခါ၊ ထိုကောင်းချီးများကိုခြံစည်းရိုးများဖြင့်ကာကွယ်ရန်၊ခုခံရန်သာအာရုံစိုက်ရန်လွယ်ကူသော်လည်း၊ကမ္ဘာ ၁၂း၂မှအာဖြံဟံကဲ့သို့ပင်ကျွန်ုပ်တို့သည်သူများကောင်းချီးခံစားရန်ကောင်းချီးပေးခြင်းခံရသည်ဟုသမ္မာကျမ်းစာကသွန်သင်ထားပါသည်။

၂ကော ၉း၆၊၈ ကိုသတိရပါ။ ယေရှုခရစ်တော်သည်ရှည်လျားသောစားပွဲများကိုနှစ်သက်တော်မူသည်။ မိမိ၏အစားအစာကိုဖြစ်နိုင်သမျှ လူအများနှင့်မျှဝေရန်နှစ်သက်တော်မူပြီး၊ညစာစားပွဲတစ်ခုတည်းတွင်မိတ်ဆွေငါးထောင်တို့နှင့်ပင်အတူရှိတော်မူသည်။လုကာ ၁၄း ၁၂-၂၄ တွင် သူ၏ညှော်ဝတ်ကျေပွန်မှု လမ်းညွှန်ချက်များကိုဖတ်ရှုပါ။

ညှော်ဝတ်ကျေပွန်မှု၏အကျိုးကျေးဇူးအားလုံးကိုဆွေးနွေးရန်အချိန်မရှိသော်လည်း၊ အကျဉ်းချုပ်အားဖြင့်ပို၍ရှည်သောစားပွဲများသည်ပို၍ရှည်သောကျန်းမာရေး၊မိတ်ဆွေဖွဲ့ခြင်းနှင့်အသက်တာကိုယူဆောင်လာပါသည်။ ခံစားပါ။

**တောင်းဆိုချက်**။ ။ တမန် ၂၀း၃၅ ကဆိုထားသည့်အတိုင်း၊"ထိုသို့သင်တို့သည်လည်းအလုပ်လုပ်၍အားနည်းသောသူတို့ကို မစရမည်ကိုငှင်း၊ "ဟူသောအမှန်တရားကို ဘုရားသခင်သည် သန်းခေါင်ယံဒုတိယအကြိမ်ကြွလာမည့် အသင်းတော်အားပေးကမ်းခြင်း စနစ်ဖြင့်ကောင်းချီးပေးတော်မူပြီး၊ယင်းသည်ကျွန်ုပ်တို့နှင့်အခြားသူများအတွက်ကြီးမားသောကောင်းချီးတစ်ရပ်ဖြစ်ပါသည်။ ယခုအချိန်သည် ဘုရားသခင်အား ၁၀%ဆယ်ဖို့ကိုပြန်ပေးအပ်ရန်နှင့်ဝမ်းမြောက်စွာဖြင့်အလှူငွေများဆက်သရန်အချိန်ဖြစ်သည်။ဘုရားသခင်၏ကောင်းချီးများကိုအခြားသူများနှင့် မျှဝေခွင့်ရသည့်လှပသောအခွင့်ထူးအတွက် ဘုရားသခင်အားကျေးဇူးတင်ကြပါစို့။

# ဥပုသ်အပတ်စဉ်(၃၆)
# စက်တင်ဘာလ(၅)ရက်
# “ပေးကမ်းခြင်းအတတ်ပညာ”

ကမ္ဘာ့အများဆုံးဘာသာပြန်ဆိုခံရသောအမျိုးသမီးစာရေးဆရာအယ်လင်ဂျီဝှိုက်၏ခင်ပွန်းဖြစ်သူဂျိမ်းစ်ဝှိုက်ပင်ဖြစ်သည်စာရေးဆရာနှင့်ဓမ္မဆရာတစ်ဦးဖြစ်ပြီး၊ပေးကမ်းခြင်းအတတ်ပညာအကြောင်းရိုးရှင်း၍ အာနိသင်ပြင်းထန်သော ဤထုတ်ပြတ်ချက်အပါအဝင်ပညာဉာဏ်၏အမွေအနှစ်များကိုကျွန်ုပ်တို့ အားချန်ရစ်ခဲ့သည်။ “ပေးကမ်းခြင်းသည်အတတ်ပညာတစ်ရပ်ဖြစ်ပြီး၊ အခြားမည်သည့်အတတ်ပညာကို မဆိုသင်ယူသကဲ့သို့သင်ယူရမည့်အတတ်ပညာတစ်ခုဖြစ်သည်။”(Review and Herald ဖေဖေါ်ဝါရီ ၁၇၊၁၈၀၃) ပညာဉာဏ်နှင့်ဝမ်းမြောက်စွာပေးကမ်းခြင်းသည်မွေးရာပါလာသောကျွမ်းကျင်မှုမဟုတ်သောကြောင့်သင်ယူရမည့်အတတ်ပညာတစ်ရပ်နှင့်လုပ်ငန်းတစ်ခုအဖြစ် မုချသတ်မှတ်နိုင်သည်။

ကျွန်ုပ်တို့သည်ထိရောက်သည်ဟုထင်ရသောလမ်းကြောင်းများမှတစ်ဆင့်လှူဒါန်းခဲ့ကြသော်လည်း၊ နောက်ပိုင်းတွင် ကျွန်ုပ်တို့၏လှူဒါန်းငွေများကို ပိုမိုဝေးရာ ရောက်အောင်ဆောင်ရွက်ပေးနိုင်သည့်စနစ်များအကြောင်းသိရှိလာကြသည်။ကျွန်ုပ်တို့သည်မိမိတို့၏အမှားများမှသင်ယူနိုင်သကဲ့သို့၊အခြားသူများ၏ကျွမ်းကျင်မှုများမှလည်းအရေးပါစွာသင်ယူနိုင်ပါသည်။

ဘုရားသခင်၏အရင်းအမြစ်များကိုသစ္စာရှိစွာနှင့်ဝမ်းမြောက်စွာစီမံခန့်ခွဲရန်ရှာဖွေစဉ်၊ကျွန်ုပ်တို့၏ပေးကမ်းခြင်းကို ဘုရားသခင်လမ်းညွှန်သော အတတ်ပညာတစ်ရပ်အဖြစ်ဆက်ဆံကြပါစို့။

**တောင်းဆိုချက်**။ ။ ယခုအချိန်တွင်ဘုရားသခင်၏ဆယ်ဖို့တဖို့ကိုပြန်ပေးအပ်ခြင်းနှင့်အလှူငွေများဆက်သခြင်းအားဖြင့်၊ဘုရားသခင်ကအသင်းတော်အားပေးအပ်တော်မူထားသောခိုင်မာသည့်ကမ္ဘာလုံးဆိုင်ရာငွေကြေးစီမံခန့်ခွဲမှုစနစ်အတွက်ကျေးဇူးတင်နိုင်ပါသည်။ ကျွန်ုပ်တို့၏ကျေးဇူးတော်လက်ဆောင်များစုဆောင်းခြင်းနှင့်အသုံးပြုခြင်းကို ဂရုတစိုက်၊ဆုတောင်းလျက်စီမံခန့် ခွဲရန်သစ္စာရှိသောအိမ်ထိန်းများ၏ကောင်းမွန်သောအဖွဲ့တစ်ခုဖြင့် ဘုရားသခင်ကကျွန်ုပ်တို့အား ကောင်းချီးပေးတော်မူထားပြီး၊ ထိုအဖွဲ့တွင် ဒေသဆိုင်ရာအသင်းတော်ဘဏ္ဍာထိန်းမှသည်စာရင်းစစ်များနှင့်ဘဏ္ဍာရေးမန်နေဂျာများအထိပါဝင်ပါသည်။

## ဥပုသ်အပတ်စဉ်(၃၇)
## စတင်ဘာလ(၁၂)ရက်
## "ကမ္ဘာ့သာသနာပြုရန်ပုံငွေ" (ထူးခြားသောအခွင့်အလမ်းများ)

ကျွန်ုပ်တို့၏ကောင်းကင်ဘုံအဖဖြစ်တော်မူသောဘုရားသခင်သည်ကမ္ဘာအနှံ့သို့သူ၏မေတ္တာနှင့်ယုံကြည်ခြင်းသတင်းကောင်းကိုဖြန့်ဝေရန်တံခါးပေါက်များဖွင့်လှစ်ပေးရာ၌အံ့ဖွယ်နည်းလမ်းများဖြင့်အမှုတော်ဆောင်တော်မူပါသည်။

သို့သော်ဂရုတစိုက်စီမံချက်ချထားသောဧဝံဂေလိအစည်းအဝေးများမျှော်လင့်ထားသည်ထက်များစွာကျော်လွန်၍အောင်မြင်သွားသည့်အခါအဘယ်အရာဖြစ်ပျက်သွားသည်ကိုသင်တွေးမိဖူးပါသလား။

ဘုရားသခင်သည် မမျှော်လင့်ထားသောကောင်းချီးများ ဘုရားသခင်၏လူတို့ထံရောက်ရှိလာသောအခါအသုံးပြုနိုင်ရန်အတွက် "ထူးခြားသောအခွင့်အလမ်းများရန်ပုံငွေ"ကိုထူထောင်ခြင်းအားဖြင့်မမျှော်လင့်ထားသောအရာများအတွက်ပြင်ဆင်ရန်လမ်းကြောင်းတစ်ခုဖန်တီးရန်အသင်းတော်ကို နှိုးဆော်တော်မူပါသည်။

သင်၏ရေိယာသည် "ပေါင်းစည်းလှူဒါန်းခြင်းစီမံချက်" ကိုအကောင်အထည်ဖော်ထားပါက၊သင်၏ပုံမှန်နှင့်စနစ်ကျသောသတ်မှတ်မထားသည့်လှူဒါန်းငွေအားလုံး၏ တစ်စိတ်တစ်ပိုင်းကို ကမ္ဘာ့သာသနာပြုရန် ထူးခြားသောအခွင့်အလမ်းများရန်ပုံငွေသို့သတ်မှတ်ပေးအပ်မည်ဖြစ်သည်။ သို့သော် သင်၏ဆယ်ဖို့နှင့်အလှူငွေများအပြင်၊အသင်းတော်၏သာသနာပြုအမှုအတွက်ပိုမိုပြုလုပ်လိုပါက၊၎င်းရန်ပုံငွေသို့တိုက်ရိုက်လှူဒါန်းနိုင်ပြီး၊ ဘုရားသခင်ကကျွန်ုပ်တို့၏ဆုတောင်းချက်ကို "အာမင်" ဟုဖြေကြားတော်မူသောအခါအသင်းတော် အဆင်သင့်ဖြစ်နေစေရန်အတွက်ဖြစ်သည်။

**တောင်းဆိုချက်**။ ။ သတ္တမနေ့အသင်းတော်၏ဆယ်ဖို့တဖို့နှင့်အလှူငွေစနစ်သည်ဘုရားသခင်၏ကမ္ဘာ့သာသနာပြုအမှုတော်တွင်စည်းလုံးညီညွတ်စွာပါဝင်ရန်အာနိသင်ပြောင်းလက်သောနည်းလမ်းတစ်ခုဖြစ်ပါသည်။ တစ်ဦးချင်းစီ၏လှူဒါန်းငွေများသည်ဝေးရာသို့မရောက်နိုင်သော်လည်း၊ အတူတကွဖြင့်ကျွန်ုပ်တို့သည်သန်းပေါင်းများစွာသောလူများ၏အသက်တာများကိုပြောင်းလဲနေပါသည်။

သင်၏ ဆယ်ဖို့နှင့်အလှူငွေများကို ပြန်လည်ပေးအပ်ရာတွင်၊ မိမိ၏ဆန္ဒများကိုနောက်ဆုံးထားပြီးဘုရားသခင်ကို ဦးစားပေးလိုက်နာကြပါစို့။

# ဥပုသ်အပတ်စဉ်(၃၈)
# စက်တင်ဘာလ(၁၉)ရက်
# “မေတ္တာသည်ပေးကမ်း၏”

ယုံကြည်ခြင်း၊ဘဏ္ဍာရေးနှင့်ရက်ရောစွာပေးကမ်းခြင်းအကြောင်းကိုကျွန်ုပ်နှစ်ပေါင်းများစွာလေ့လာခဲ့ပြီးမျှဝေခဲ့သော်လည်း၊ကျွန်ုပ်သည်၎င်းကိုလွတ်ခဲ့သည်။ကျွန်ုပ်သည် ၎င်းကိုအလွန်အမင်းရှုပ်ထွေးအောင်ပြုလုပ်မိခြင်း သို့မဟုတ် ကျော်သွားမိခြင်းဖြစ်ကောင်းဖြစ်နိုင်သော်လည်း၊ ၎င်းသည်ကျွန်ုပ်၏မျက်နှာရှေ့ ကျွန်ုပ်၏နှာခေါင်းအောက်၊ အဖြူနှင့်အမည်းဖြင့်ရှိနေခဲ့သည်။ဤထက်ပို၍ရှင်းလင်းသည်မရှိနိုင်ပါ။သို့သော်ကျွန်ုပ်သည်၎င်းကိုမြင်ခဲ့သည်မဟုတ်ပါ။

၎င်းကိုသမ္မာကျမ်းစာ၏အကျော်ကြားဆုံးကျမ်းပိုဒ်ဖြစ်သောယောဟန် ၃း၁၆ ၏အစတွင်နစ်မြုပ်နေပါသည်။

လူသန်းပေါင်းများစွာ၊သန်းထောင်ပေါင်းများစွာတို့သည်ယင်းကိုအလွတ်ကျက်မှတ်ထားကြသည်။ ကျွန်ုပ်သည်ငါးနှစ်အရွယ်ကလေးများပင် ယင်းကိုရွတ်ဆိုပြောဆိုသည်ကိုကြားဖူးပြီးနားလည်နိုင်ခဲ့သည်။ကျွန်ုပ်ကိုယ်တိုင်လည်းဤကျမ်းပိုဒ်ကိုနှစ်၄၀ကျော်ကြားအောင်အလွတ်ရွတ်ဆိုနိုင်ခဲ့ပြီး၊ပုံမှန်ရွတ်ဆိုခဲ့သော်လည်း၊ယင်းသည်ကျွန်ုပ်အတွက်မမြင်ရသကဲ့သို့ပင်ဖြစ်နေခဲ့သည်။ကျွန်ုပ်သည်၎င်းကိုမြင်ခဲ့သည်မဟုတ်ပါ။ထို့နောက်တစ်နေ့သောအခါ၊ ယင်းကိုကျွန်ုပ်တွေ့ရှိခဲ့သည်။

“ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်၊ပျက်စီးခြင်းသို့မရောက်၊ထာဝရအသက်ကိုရစေခြင်းငှါ၊ဘုရားသခင်သည်မိမိ၌တပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင်ချစ်တော်မူ၏”။ ရိုးရှင်းပါသည်။ မေတ္တာသည်ပေးကမ်းသည်။

**တောင်းဆိုချက်**။ ။ ယနေ့ကျွန်ုပ်တို့သည်ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေပြန်ပေးအပ်ရန်နှင့်၊ဤလက်ဆောင်များသည်ကျွန်ုပ်တို့အားအလွန်ချစ်တော်မူသဖြင့်ပေးတော်မူခဲ့သော ဘုရားသခင်အားကျွန်ုပ်တို့၏မေတ္တာတုံ့ ပြန်ချက်များဖြစ်ကြောင်းသတိရကြပါစို့။ ဟုတ် ပါသည်၊ မေတ္တာသည်ပေးကမ်းသည်။ ယင်းသည်မေတ္တာ၏သဘာဝပင်ဖြစ်သည်။ ဘုရားသ ခင်နှင့်သူ၏အမှုတော်အားချစ်မြတ်နိုးသောကြောင့် ယနေ့ ပေးကမ်းကြပါစို့။

# ဥပုသ်အပတ်စဉ်(၃၉)
# စက်တင်ဘာလ(၂၆)ရက်
# “ထာဝရမဖောက်ပြန်သောအမှန်တရားများ”

အသက်အရွယ်ကြီးသူတစ်ဦးကပြောဖူးသည်။“ လူများအသက် ၇ဝ တွင်သိရှိထားသောပညာဉာဏ်အများစုကိုအမှန်တကယ်စကားလုံးများဖြင့်ဖော်ပြ၍မရနိုင်ပါတဲ့။” အသက်အရွယ်ကြီးရင့်လာခြင်း၏ဝမ်းမြောက်ဘွယ်ရာတစ်ခုမှာနှစ်ကာလကြာညောင်းလာသည်နှင့်အမျှအချိန်ကာလထက်ကျော်လွန်သောအမှန်တရားအချို့အတွက်သက်သေအထောက်အထားများတစ်စုတစ်စည်းတည်းပေါ်လာသည်ကိုမြင်တွေ့ရခြင်းပင်ဖြစ်သည်။ ဥပမာ အားဖြင့် “ကာကွယ်ခြင်းသည်ကုသခြင်းထက်သာ၍ကောင်းသည်”“ငွေသည်ပျော်ရွှင်မှုကိုဝယ်ယူ၍မရပါ”“အစားအစာတိုင်းသည်သင့်အားဒုက္ခပေးသည် သို့မဟုတ် ပြုစုစောင့် ရှောက်ပေးသည်” “ဘုရားသခင်၏နည်းလမ်းများသည် အစဉ်အမြဲအကောင်းဆုံးသော နည်းလမ်းများဖြစ်သည်”။

အချိန်ကာလကြာလာသောအခါငင်းတို့သည်အမှန်တကယ်မှန်ကန်ကြောင်းနှင့်အမှန်တရားအတိုင်းနေထိုင်ခြင်းသည်ကျွန်ုပ်တို့အားလွတ်မြောက်စေကြောင်းနားလည်သဘောပေါက်လာကြသည်။

ဘဝကိုဆယ်စုနှစ်များစွာလေ့လာသုံးသပ်ပြီးနောက်၊အသက်ကြီးသောခရစ်ယာန်များကသင့်အားပြောပြကြမည်။ ကျွန်ုပ်တို့ကို စိတ်ချမ်းသာစေသည်မှာ ကျွန်ုပ်တို့ကိုင်ဆောင်ထားသည်အရာများမဟုတ်၊မျှဝေပေးကမ်းခြင်းပင်ဖြစ်ကြောင်းသက်သေအထောက်အထားများစွာရှိနေပါသည်။ “လက်ခံရရှိခြင်းထက်ပေးကမ်းခြင်းကသာ၍မင်္ဂလာရှိ၏” ဆိုသောအမှန်တရားသည်အမှန်ပင်ဖြစ်သည်။

**တောင်းဆိုချက်**။ ။ ယနေ့ ကျွန်ုပ်တို့သည်ဘုရားသခင်အားဆယ်ဖို့တဖို့နှင့်အလှူငွေပြန်လည်ပေးအပ်ရာတွင်၊သမ္မာကျမ်းစာထဲရှိအချိန်ကာလထက်ကျော်လွန်သောအမှန်တရားများအတွက်လည်းကောင်း၊ ကျွန်ုပ်တို့ကိုလမ်းပြပေးပြီး လိုအပ်ချက်များကိုဖြည့်ဆည်းပေးသောသမ္မာတရား၏သန့်ရှင်းသောဝိညာဉ်တော်အတွက်ပါ ကျေးဇူးတင်ကြပါစို့။

# ဥပုသ်အပတ်စဉ်(၄၀)
# အောက်တိုဘာလ(၃)ရက်
# “သိုးကဲ့သို့အရှေ့တိုးခြင်း”

သိုးများသည်ဉာဏ်ရည်ထက်မြက်သောတိရိစ္ဆာန်များဖြစ်ကြသော်လည်း၊၄င်းတို့သည်သဘာဝအတိုင်းအခြားသိုးများကိုလိုက်လေ့ရှိကြောင်းလူသိများသည်။တစ်ခါတစ်ရံသတ်ဖြတ်ရုံအထိတိုင်အောင်လိုက်တတ်ကြသည်။

ကပ်ရောဂါများ၊စစ်ပွဲများနှင့်အခြားဘေးဒုက္ခများ၏ဝမ်းနည်းဖွယ်အကျိုးဆက်များအကြားတွင်ပင်၊လောကရှိလူအများစုသည် မိမိကိုယ်ကိုသာအာရုံစိုက်နေဆဲဖြစ်သည်။ စားသုံးသူဝါဒ၊အိမ်ခြံမြေဈေးနှုန်းများ၊အားလပ်ရက်များနှင့်ပါတီများကိုသာစိတ်ဝင်စားနေကြသည်။လောကသည်မိမိကိုယ်ကိုသာကြည့်နေမည်ဖြစ်သော်လည်း၊ကျွန်ုပ်၏အာရုံစူးစိုက်မှုကားအဘယ်နေရာတွင်ရှိသနည်း။ကျွန်ုပ်သည်လောက၏နည်းလမ်းများကိုသိုးကဲ့သို့လိုက်ပါနေသင့်သလော။သို့မဟုတ်ကျွန်ုပ်၏စိတ်နှလုံးသည်နိုးကြားပြီးပိုကြီးမြတ်သောအရာကိုအာရုံစိုက်သင့်သလော။

၁ယော ၂း၁၅၊၁၆ တွင်ဖတ်ရှုရသည်မှာ “လောကကို၄င်း၊လောက၌ရှိသောအရာတို့ကို၄င်း၊မချစ်ကြနှင့်။” သိုးအုပ်ကြီး၏အကြောက်တရားများနှင့်စိတ်ကူးယဉ်မှုများကိုလိုက်ပါရန်လွယ်ကူသော်လည်း၊ယေရှု၏နောက်လိုက်များသည်လောက၏နည်းလမ်းများတွင်သိုးကဲ့သို့လျှောက်လှမ်းနေသင့်သလော။ မဟုတ်ပါ။ ကျွန်ုပ်တို့နိုးထရန်လိုအပ်ပါသည်။

ဤခေတ်ဟောင်း၏စိုးရိမ်ပူပန်မှုများနှင့် လမ်းကြောင်းများအထက် ကျွန်ုပ်တို့၏မျက်စိကိုမြှောက်ကြပါစို့။ ကျေးဇူးတော်အရှင်သိုးထိန်းကို လိုက်ပါကြပြီး အခြားသိုးများကိုလည်းထိုသခင်အားလိုက်လျှောက်စေရန်ကူညီကြပါစို့။

**တောင်းဆိုချက်**။ ။ ယခုအချိန်တွင်ဘုရားသခင်၏ဆယ်ဖို့တဖို့နှင့်အလှူငွေဆက်သရာတွင်လောက၏အတ္တစွဲပြည့်ဝသောလမ်းကြောင်းများဆီသို့လူအုပ်ကြီး၏နောက်ကိုလိုက်ခြင်းမှလှည့်ထွက်ရန် မိမိကိုယ်ကို ပြန်လည်ဆင်ခြင်ကြပါစို့။ ဘုရားသခင်ရည်ရွယ်တော်မူသည့်အတိုင်းရက်ရောစွာနှင့်ကျေးဇူးတင်သောစိတ်ဖြင့်နေထိုင်ကြပါစို့။ကျေးဇူးတင်ပါသည်။

**ဥပုသ်အပတ်စဉ်(၄၁)**

**အောက်တိုဘာလ(၁၀)ရက်**

**"စစ်မှန်သောစစ်ပွဲ"**

ယခုခေတ်သစ်တွင်ရန်သူနိုင်ငံများအားကုန်သွယ်ရေးပိတ်ဆို့အရေးယူခြင်းသည် အထူးအဆန်းတော့မဟုတ်ပါ။ ဤလုပ်ရပ်သည်အဓိကအရင်းအမြစ်များကို ဖြတ်တောက်ခြင်းဖြစ်သည်။

ရန်သူများ၏ထောက်ပံ့ရေးလမ်းကြောင်းများအားဖြတ်တောက်ခြင်း၊ရှုပ်ထွေးစေခြင်းနှင့်လမ်းလွှဲစေခြင်းများကိုပြုလုပ်နိုင်ပါကသူတို့၏ရှေ့တန်းစစ်သားများသည်စွမ်းစွမ်းတမံတိုက်ရည်ခိုက်ရည်နှင့်အရင်းအမြစ်များလျော့နည်းသွားမည်ဖြစ်ကြောင်းသမိုင်းကြောင်းကရှင်းရှင်းလင်းလင်းဖော်ပြထားသည်။ ၎င်းသည် အောင်နိုင်ရန်အရေးပါသော ဗျူဟာတစ်ခုဖြစ်သည်။

စာတန်သည်ဘုရားသခင်၏အမှုတော်အတွက်ထောက်ပံ့ရေးလမ်းကြောင်းတည်းဟူသောသင်နှင့်ကျွန်ုပ်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေပါသည်။

**တောင်းဆိုချက်**။ ။ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်၏ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေစနစ်ကြီးသည်ကမ္ဘာတစ်ဝန်းသာသနာအတွက် အင်အားကြီးမားသောအထောက်အပံ့ကွင်းဆက်ကြီးဖြစ်သည်။ ကျွန်ုပ်တို့၏ဆုကျေးဇူးများကိုအဝေးသို့မလွှင့်စင်ပဲ၊ အတူတကွရှိခြင်းဖြင့် သန်းပေါင်းများစွာသောလူတို့၏ဘဝကိုပြောင်းလဲနိုင်မည်ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့ပေးကမ်းလှူဒါန်းသကဲ့သို့ ရှေ့တမ်းစစ်မျက်နှာတွင်ရှိရသော အရင်းအမြစ်များကို ကန့်သတ်ခြင်းဖြင့် ဘုရားသခင်၏အမှုတော်ကိုကျွန်ုပ်တို့သည် ဟန့်တားနေမိသလားဟူသောအချက်ကိုဆင်ခြင်သုံးသပ်ကြပါစို့၊ ယနေ့သင်၏ သစ္စာရှိမှုအတွက်ကျေးဇူးတင်ပါသည်။

## ဥပုသ်အပတ်စဉ်(၄၂)
## အောက်တိုဘာလ(၁၇)ရက်
## "မကြောက်ရွံ့ဘဲသတိရှိစွာဆုတောင်းပါ"

မဿဲ ၁၄း၂၇ တွင်ယေရှုက "ယေရှုသည်ချက်ခြင်းနှုတ်ဆက်၍တည်ကြည်သော စိတ်ရှိကြလော့။ ငါပင်ဖြစ်သည်။ မကြောက်လန့်ကြနှင့်ဟု မိန့်တော်မူ၏" ယေရှု၏စကားကို ယုံကြည်သောပေတရုသည်၊သိပ်မကြာခင်ပင်မုန်တိုင်းထန်သောပင်လယ်ပြင်အလယ်ဩရေ ပေါ်မှာမတ်တတ်ရပ်နိုင်ခဲ့သည်။

သို့ရာတွင်အချိန်ခဏလေးအတွင်းသူသည်ယေရှုအားမျက်နှာလွှဲခဲ့ပြီးမိမိကိုဝန်းရံ နေသောအန္တရာယ်များအားလုံးကိုမြင်တွေ့လာကာကြောက်ရွံ့မှုကြောင့်နစ်မြုပ်တော့မည် ဖြစ်သည်။ပေတရုကဲ့သို့ပင်၊ယုံကြည်ခြင်းမှကြောက်ရွံ့ခြင်းသို့ခဏအတွင်းတွင်ပြောင်းလဲ သွားရနိုင်သည်မှာ မည်မျှလွယ်ကူသနည်း။

ကျွန်ုပ်တို့သည်လည်းငွေကြေး၊အလုပ်အကိုင်၊ ရင်းနှီးမြုပ်နှံမှုများ၊ကျန်းမာရေး သို့မ ဟုတ်ကျွန်ုပ်တို့၏ဘဝစသည့်ယာယီလုံခြုံမှုများအပေါ်တွင်အလွန်အမင်းအာရုံစိုက်မိတတ် သောကြောင့်မကြာခဏကြောက်ရွံ့တတ်ကြသည်။

ဘုရားသခင်၏စုံလင်သောချစ်ခြင်းမေတ္တာကိုကျွန်ုပ်တို့လေ့လာသောအခါ၄င်းသည် ကြောက်ရွံ့မှုအားလုံးကိုနှင်ထုတ်ပစ်လိမ့်မည်ဖြစ်သည်။

ကမ္ဘာမြေပေါ်တွင်ဘေးဒုက္ခအမျိုးမျိုးကြုံလာလိမ့်မည်ဖြစ်ကြောင်းကိုသမ္မာကျမ်း စာကရှင်းလင်းစွာဖော်ပြထားသည်။ ထိုအရာများဖြစ်ပျက်လာကြောင်းမြင်တွေ့ရလျှင်ကျွန်ုပ် တို့၏ယုံကြည်ခြင်း တိုးပွားခိုင်မြဲစေရန်အလို့ငှာ ယေရှုကထိုအရာများမဖြစ်ခင်ကပင်ကြိုတင် ဗျာဒိတ်ပေးတော်မူခဲ့ခြင်းဖြစ်သည်။

**တောင်းဆိုချက်**။ ။ယခုအချိန်သည်ဘုရားသခင်၏၁၀% သောဆယ်ဖို့တစ်ဖို့ကိုဆက်ကပ်ရ မည့်အချိန်ဖြစ်သည့်အပြင်လွန်ခဲ့သောအပတ်ကကျွန်ုပ်တို့၏ဝင်ငွေများကိုခွဲထားရန် အားပေး ခြင်းခံရသည်အတိုင်း၊ကတိသစ္စာပြုထားသောလှူဒါန်းငွေများကိုလည်းဆက်ကပ်ကြရမည့်အ ချိန်ဖြစ်ပါသည်။ ယနေ့ သင်၏သစ္စာရှိမှုအတွက်ကျေးဇူးတင်ပါသည်။

## ဥပုသ်အပတ်စဉ်(၄၃)
## အောက်တိုဘာလ(၂၄)ရက်
## "ချောက်ကမ်းပါးချိတ်"

ကြောက်စရာကောင်းသော ချောက်ကမ်းပါးစောက်ကြီး၏အထက်မှာ ကြိုးတစ်ချောင်းနှင့်တွဲလဲကျပြီးအခြားကြိုးနှစ်ချောင်းကိုရွေးရမည်ဆိုပါစို့။တစ်ချောင်းကပါးလွှာပြီးဖွကျဲနေသောကြိုး သို့မဟုတ် နောက်တစ်ချောင်းက သိပ္ပံနည်းကျအင်ဂျင်နီယာစနစ်နဲ့ခိုင်ခန့်အောင်ပြုလုပ်ထားတဲ့ကြိုးနှစ်ခုအကြား မည်သည့်ကြိုးအပေါ် ပို၍ ယုံကြည်စိတ်ချပါမည်နည်း။ ခိုင်ခန့်တဲ့ကြိုးသာသင့်အနေနှင့်ရွေးချယ်မည်ဟု ကျွန်ုပ်ထင်ပါသည်။

ထို့နောက်သင်ဟာပါးလွှာသောကြိုးအပေါ်ယုံကြည်မှုအပြည့်နဲ့ချောက်ကမ်းပါးကနေဆင်းမည်လား သို့မဟုတ် ခိုင်ခံ့တဲ့ကြိုးအပေါ်ယုံကြည်မှုအနည်းငယ်နဲ့ဆင်းမည်လား။

အချုပ်ဆိုလျှင်၊ သင့်၌ရှိသောယုံကြည်မှုအနည်းအများ ပမာဏသည် အရေးမကြီးတော့ပါ။ အကြောင်းမှာ သင်၏ဘေးကင်းရေးသည်သင့်ယုံကြည်မှု၏ပမာဏအပေါ်မူတည်နေခြင်းကြောင့်မဟုတ်ဘဲ၊ကြိုး၏ခိုင်ခံ့မှုအပေါ်၌သာမူတည်နေခြင်းကြောင့်ဖြစ်ပါသည်။ ယုံကြည်ခြင်းသည်ကျွန်ုပ်တို့ယုံကြည်ရာဖြစ်သော အရာဝတ္ထု(သို့)လူပေါ်မှာသာမူတည်ပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အားကျွန်ုပ်တို့၏ အရည်အချင်းများအပေါ်တွင်မဟုတ်ဘဲ၊ ကိုယ်တော်ကိုသာယုံကြည်ရန် ခေါ်တော်မူပါသည်။ အကောင်းဆုံးအနေအထား၌ရောက်နေသောကျွန်ုပ်တို့၏ကျွမ်းကျင်မှုနှင့် ပညာဉာဏ်တို့သည် ဘုရားသခင်၏အစွမ်းသတ္တိနှင့်အထောက်အပံ့ဖြင့်နှိုင်းယှဉ်လျှင်၊ ပါးလွှာသေးငယ်တဲ့ ကြိုးကလေးတစ်ချောင်းမျှသာဖြစ်နေပေလိမ့်မည်။

သင့်အနေဖြင့်ဤအပတ်တွင်မည်ကဲ့သို့ ကြိုးမျိုးကိုယုံကြည်အားထားနေမိပါသလဲ။

**တောင်းဆိုချက်**။ ။ ယခုအချိန်သည်ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့နှင့်၊အချိန်မှန်စနစ်တကျကတိပြုထားသောလှူဒါန်းငွေများကို ပြန်လည်ဆက်ကပ်ရန်အချိန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အံ့ဖွယ်ကြီးမြတ်တော်မူသောဘုရားသခင်အားသိရှိနားလည်ခြင်းနှင့်ကျွန်ုပ်တို့၏အခြေအနေမည်သို့ပင်ရှိပါစေ၊ ကိုယ်တော်အားယုံကြည်သောအခါကျွန်ုပ်တို့အား ကယ်တင်တော်မူပြီး၊ ခိုင်မြဲစွာကိုင်စွဲထားတော်မူမည်ဟုယုံကြည်ရခြင်းသည် မည်မျှကြီးမြတ်သောအခွင့်အရေးပင်မဟုတ်ပါလား။

## ဥပုသ်အပတ်စဉ်(၄၄)
## အောက်တိုဘာလ(၃၁)ရက်
## “သက်ရှိထင်ရှားရှိစဉ်ပေးကမ်းလှူဒါန်းခြင်း”

ဘုရားသခင်ကကျွန်ုပ်တို့အားမှီခိုအားထား၍အပ်နှင်းထားသောကောင်းချီးများအနက်မှအချို့ကို ပြန်လည်ဆက်ကပ်ရသည့်အခွင့်ရရှိခြင်းသည် မည်မျှကြီးမြတ်သောအခွင့်အရေးဖြစ်ပါသနည်း။ကျွန်ုပ်တို့၏ရှင်သန်စဉ်ကာလအတွင်း၌သာမက၊ကျွန်ုပ်တို့ကွယ်လွန်သောအခါ၌ပင်ဘုရားသခင်၏အမှုတော်အတွက် ရက်ရောစွာလှူဒါန်းခြင်းမှာဘုရားသခင်သည် အကောင်းဆုံးသောအရာရာတို့ကိုပေးသနားတော်မူသောအရှင်အဖြစ် ဝန်ခံနေခြင်းဖြစ်သည်။

သေခြင်းတရားသည်ဘုရားသခင်၏ပိုင်ဆိုင်မှုကို မပပျောက်စေနိုင်သကဲ့သို့၊ သစ္စာရှိသောဘဏ္ဍာစိုးများဖြစ်သော ကျွန်ုပ်တို့၏ တာဝန်ကိုလည်းမဖယ်ရှားနိုင်ပါ။

ဘုရားသခင်အား၄င်း၊ မိသားစုအား၄င်း ရက်ရောစွာပေးကမ်းလှူဒါန်းရန် ကျွန်ုပ်တို့တစ်ဦးစီတွင် လုံလောက်သောအခွင့်အလမ်းရှိပြီး၊ ဤဆောင်ရွက်မှုအတွင်း မယုံနိုင်လောက်အောင်ကောင်းချီးခံစားရမည်ဖြစ်သည်။

မိမိ၏ပေးကမ်းလှူဒါန်းခြင်းသည် မည်သည့်နေရာသို့ ရောက်မည်ကိုသိရှိနိုင်သည့်သက်ရှိထင်ရှားရှိစဉ်ပြုလုပ်ပါ။

၂ကော ၉း၆-၈ တွင်ဘုရားသခင်သည်ဤသို့သောလှုပသည့်ကတိတော်ကိုပေးထားတော်မူသည်။အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည်စပါးအနည်းငယ်သာရိတ်ရမည်။များစွာကြဲသောသူသည်များစွာရိတ်ရမည်။ထို့ကြောင့်အယောက်ဆီတိုင်းသည်စိတ်နှလုံးပါလျက်စေတနာနှင့်ပေးလှူကြပါစို့။ မကျေမနပ်နှင့် သို့မဟုတ်မဖြစ်မနေပေးရမည်ဟူသောစိတ်မျိုးနှင့်မဟုတ်ဘဲ၊ စိတ်ရွှင်လန်းစွာပေးလျက်၊ ထိုသူကိုဘုရားသခင်နှစ်သက်တော်မူ၏။

**တောင်းဆိုချက်**။ ။ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့နှင့်ကတိသစ္စာပူဇော်သက္ကာများအားကျေးဇူးတင်ခြင်း၊ဝမ်းမြောက်ဝမ်းသာသောစိတ်ဖြင့်ဆက်ကပ်ကြပါစို့။ ဘုရားသခင်သည်ကျွန်ုပ်တို့၏အသက်တာကို ကောင်းချီးပေးတော်မူပြီးဖြစ်ရာ၊ ယခုတွင်ကောင်းချီးများကိုထိုသခင်ထံပြန်လည်ဆက်ကပ်ခြင်းဖြင့်ကျွန်ုပ်တို့၏ကျေးဇူးတင်စိတ်ကိုပြသနိုင်ပါသည်။

## ဥပုသ်အပတ်စဉ်(၄၅)
## နိုဝင်ဘာလ(၇)ရက်
## "တစိတ်တဝမ်းတည်းသော သာသနာ"

ကမ္ဘာတစ်ဝန်းရှိလူတန်းစားအသီးသီးမှ လူပေါင်း၂သန်းထက်မကသောသူများကမိမိတို့ကိုယ်ကိုမြော်လင့်ခြင်းအသင်းသားများဖြစ်သည်ဟု ခေါ်တွင်ကြသည်။ ကျွန်ုပ်တို့သည်လက်မောင်းများကိုဆန့်ကာ ဘေးချင်းယှဉ်ရပ်လျက် လက်ချင်းဆက်လိုက်ပါက ဆစ်ဒနီမှအောက့်ကလန်၊ဆန်တီယာဂိုမှဗျူနိုအေးရိစ်၊ဂျိုစန်နက်စဘတ်မှပါသ့်အပါအဝင်မြို့ကြီးများကိုဖြတ်သန်းကာ ဆစ်ဒနီသို့ပြန်ရောက်သည်အထိကမ္ဘာပတ်လမ်းကြောင်းတစ်ခုလုံးကို ခြုံငုံသွားမည့်လူသားများ၏ဆက်သွယ်ရေးကွင်းဆက်ကြီး ဖြစ်လာနိုင်ပါသည်။

အဆင်းရဲဆုံးသူများမှ ဘီလီယံပေါင်းများစွာချမ်းသာသူများအထိ၊ အသက်ရှင်ရန်စက်ပစ္စည်းများအပေါ် မှီခိုနေရသူများမှအိုလံပစ်အားကစားများအထိ၊မျှော်လင့်ခြင်းအသင်းသားများသည်အသားအရောင်အမျိုးမျိုးရှိကြပြီးဘာသာစကား၉၀၀ကျော်ဖြင့်ဘုရားသခင်ကိုဝတ်ပြုနေကြပါသည်။ ကျွန်ုပ်တို့သည်ကမ္ဘာပေါ် ရှိ အခြားလူမျိုးစုများကဲ့သို့ ယဉ်ကျေးမှုစုံလင်ပြီးကွဲပြားခြားနားသော်လည်း တစ်စိတ်တစ်ဝမ်းတည်းဖြစ်ကြသည်။

ယောဟန် ၁၇ တွင်မိမိ၏နောက်လိုက်များအားတစ်စိတ်တစ်ဝမ်းတည်းဖြစ်စေရန်ဆုတောင်းခဲ့သောသူတည်းဟူသောယေရှုခရစ်တော်ထံမှကျွန်ုပ်တို့၏စည်းလုံးညီညွတ်မှုသည်အမြစ်တည်လာသည်။

ယနေ့ ကျွန်ုပ်တို့ဆက်ကပ်သောဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများသည်အသင်းတော်မှတစ်ဆင့် ဘုရားသခင်ထံဆက်ကပ်ခြင်းဖြစ်ပြီး၊ အသင်းတော်၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန်မဟုတ်ပါပေ။ ကျွန်ုပ်တို့ဆက်ကပ်မှုအားလုံးသည် ဘုရားသခင်အားချစ်တုံ့ ပြန်ခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့၏ဆက်ကပ်မှုအားလုံးသည် ဘုရားသခင်အားချစ်ခြင်းမေတ္တာဖြင့် တုံ့ပြန်ခြင်းပင်ဖြစ်ပြီး၊ကိုယ်တော်သည်လည်း ထိုကဲ့သို့ပေးလှူခြင်းဖြင့် ကျွန်ုပ်တို့၏ချစ်ခြင်းကိုပြန်လည်ဖော်ပြရန်အလိုရှိတော်မူပြီး၊အသင်းတော်မှတစ်ဆင့်ကိုယ်တော်၏သာသနာများကိုလုပ်ဆောင်တော်မူပါသည်။ ယနေ့တွင် မိမိ၏ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများဖြင့်ဘုရားသခင်၏ကမ္ဘာလုံးဆိုင်ရာအမှုတော်ကို သစ္စာရှိစွာ ပါဝင်ထောက်ပံ့ကြသောကြောင့် ကျေးဇူးတင်ပါသည်။

**ဥပုသ်အပတ်စဉ်(၄၆)**
**နိုဝင်ဘာလ(၁၄)ရက်**
**"မထင်ရှားကျော်ကြားခဲ့သော သူရဲကောင်းများ"**

ယနေ့ ကမ္ဘာတစ်ဝန်းတွင်၊ရာနှင့်ချီသောဆက်ကပ်သူများသည်နယ်မြေသစ် များသို့ ဝင်ရောက်လျက်ရှိနေကြပြီး၊ ယခင်က ရောက်ရှိခဲ့ခြင်းမရှိသော လူမျိုးစုများထံသို့ရောက် အောင်သွားကြကာ မြော်လင့်ခြင်းအသင်းသူအသင်းသားများ၏ အစုအဝေးများဖြစ်လာ အောင်တည်ထောင်လျက်ရှိကြသည်။

သင့်တင့်သောလစာငွေကြေးဖြင့် အသက်ရှင်နေထိုင်ကာ၊ ထိုလူ့အဖွဲ့အစည်းများထဲ သို့သွားရောက်နေထိုင်ကြပြီး ခရစ်တော်၏သာသနာပြုနည်းစနစ်ကို လက်တွေ့အသုံးချကြ သည်။သူတို့သည်လူများနှင့်ရောနှောနေထိုင်ကြသည်။လယ်ကွင်းများတွင်သူတို့နှင့်အတူအ လုပ်လုပ်ကြသည် သို့မဟုတ် မြို့ပြရှိကလေးများနှင့်ဘောလုံးကစားကြသည်။ သူတို့သည်ဂရု ဏာကိုပြသကာ၊ လူတို့၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးပြီး၊ မိမိတို့အစေခံသောသူများ ၏ယုံကြည်မှုကိုရယူကြသည်။ ထို့နောက် ၎င်းတို့အားယေရှုနောက်လိုက်စေရန် ဖိတ်ခေါ် ကြသည်။

သင်၏ဒေသ၌ "စုပေါင်းအလှူငွေအစီအစဉ်"ကိုကျင့်သုံးပါက၊ သင်၏ပုံမှန်ပေးသော အလှူငွေများသည် ဤရန်ပုံငွေ၌ ခွဲဝေသတ်မှတ်ခြင်းခံရလိမ့်မည်ဖြစ်သည်။ ၎င်းအပြင်၊ကမ္ဘာ တစ်ဝန်းရှိအသင်းသူအသင်းသားများ၏ဆယ်ဖို့တစ်ဖို့၊အလှူငွေနှင့်ကတိသစ္စာအလှူငွေများ အပြင်မိမိတို့ဝင်ငွေများ၏တစ်စိတ်တဒေသကိုဆက်ကပ်လျက်၊ထိုရန်ပုံငွေထံပေးပို့ရန်ဖိတ် ခေါ် ထားပါသည်။

**တောင်းဆိုချက်**။ ။ ဤသည်မှာဘုရားသခင်၏ကမ္ဘာလုံးဆိုင်ရာသာသနာတွင်တစ်စိတ်တစ် ဝန်းထဲပါဝင်ဖို့နှင့်ဆက်ကပ်နိုင်သည့်တစ်ခုတည်းသော နည်းလမ်းတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့ ၏ဆုကျေးဇူးတို့သည်အခြားဆီသို့ရောက်မသွားပဲ၊ ကမ္ဘာတစ်ဝန်းရှိလူများစွာ၏ အသက်တာ ကိုအတူတကွပြောင်းလဲမှုများလုပ်ဆောင်နေခြင်းဖြစ်သည်။ သင့်အနေနှင့်သင်၏ဆယ်ဖို့တစ် ဖို့နှင့်အလှူငွေများကိုပြန်လည် ဆက်ကပ်နေပါက လူများစွာ၏အသက်တာကိုထာဝရဆီသို့ ပြောင်းလဲအောင် ဘုရားသခင်ကသင်၏ဆုကျေးဇူးများကို အသုံးပြုနေမှာ သေချာပါသည်။

## ဥပုသ်အပတ်စဉ်(၄၇)
## နိုဝင်ဘာလ(၂၁)ရက်
## "ဘုရားသခင်၏အော်လံ (အသံချဲ့စက်)"

နောဧ၊လေဝိယနှင့်ဗတ္တိဇံဆရာယောဟန်တို့ကဲ့သို့ပင် မြော်လင့်ခြင်းအသင်းသားတို့အတွက်စိတ်လှုပ်ရှားစရာအကောင်းဆုံးတာဝန်တစ်ခုကို ပေးအပ်ခြင်းခံထားရသည်။ မကြာမီကြွလာတော့မည့်ရှင်ဘုရင်အားကြေညာရန်ရှေ့ပြေးများအဖြစ်တာဝန်ပေးခြင်းခံထားရသူများဖြစ်သည်။ဗျာဒိတ်ကျမ်း၁၄တွင်ကောင်းကင်တမန်သုံးပါး၏သတင်းစကားအရ"ပြင်ဆင်လျက်နေကြလော့" ဟူသောကျယ်လောင်စွာကြေညာနေခြင်းသည်ကြွေးကြော်ခြင်းအစစ်ပင်ဖြစ်နေပါသည်။

ကျွန်ုပ်တို့သည် မေတ္တာပြည့်ဝသောကြင်နာမှုဖြင့်၄င်း၊ လူချင်းတွေ့ဆုံဝေမျှခြင်းဖြင့်၄င်း၊ဧဝံဂေလိအစည်းအဝေးလှုပ်ရှားမှုဖြင့်၄င်း၊သာသနာ့မီဒီယာလုပ်ငန်းအားဖြင့်၄င်း၊ဩဇာလွှမ်းမိုးနိုင်သောစင်တာများ၊လူသားချင်းစာနာထောက်ထားမှုဆိုင်ရာသာသနာပြုလုပ်ငန်းများ၊ကျောင်းများဆေးရုံများနှင့်အခြားသောနည်းလမ်းများစွာဖြင့် ကျယ်လောင်စွာဖြင့် ခရစ်တော်၏ပြန်ကြွလာခြင်းကို ကြေညာရန် ခေါ်တော်မူခြင်းခံထားရသည်။

ဗတ္တိဇံဆရာယောဟန်သည်ယေရှုအကြောင်းဟောပြောလျက်၊နောင်တတရားလမ်းအားတွဲခေါ် ခြင်းဖြင့်ကြွလာတော့မည့်သခင်၏လမ်းတော်ကိုပြင်ဆင်ပေးတော်မူခဲ့သည်။

ဘုရားသခင်၏ပညတ်တို့ကို၄င်း၊ယေရှု၏ယုံကြည်ခြင်းကို၄င်း၊စောင့်ရှောက်သောသူများအနေဖြင့်လည်းယေရှု၏မကြာမီကြွလာခြင်းကိုရှေ့ပြေးများအနေဖြင့်ကျယ်လောင်ပြတ်သားစွာဖြင့် ကြေညာရန်ဖိတ်ခေါ် ခြင်းခံထားရပါသည်။

**တောင်းဆိုချက်**။ ။ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်၏ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများစနစ်သည်ကောင်းကင်တမန်သုံးပါးသတင်းစကားအားကမ္ဘာတစ်ဝန်းသို့ကြေညာရန်အထောက်အပံ့ပေးသည့် စွမ်းအားပြည့်ဝသည့် ထောက်ပံ့ရေး ကွန်ရက်တစ်ခုဖြစ်ပါသည်။ ယနေ့သင်၏သစ္စာရှိလှူဒါန်းမှုများဖြင့်ဘုရားသခင်နှင့်လူအားလုံးအပေါ်သင်၏မေတ္တာကိုပြသသည့်အတွက် ကျေးဇူးတင်ပါသည်။

# ဥပုသ်အပတ်စဉ်(၄၈)
# နိုဝင်ဘာလ(၂၈)ရက်
# “အိုမင်းဆင်းရဲအထီးကျန်သူ”

အစိုးရအိမ်ရာ၌ တကိုယ်တည်းနေထိုင်ကာ အိုမင်းခြင်းဒုက္ခနာကျင်မှုများကို မလောက်မငှဝင်ငွေနှင့်ရင်ဆိုင်နေရသူတစ်ဦးဖြစ်သည်။ သူ့အနေဖြင့် ဘဏ္ဍာစိုးဆိုင်ရာ စာအုပ်တစ်အုပ်ကိုဖတ်ရှုပြီးနောက်၊ ထိုစာရေးသူဖြစ်သောကျွန်ုပ်ကိုသူ့ထံလည်ပတ်စေလိုသည်။

ငွေကြေးအတွက် အကူအညီတောင်းခံလိမ့်မည်ဟု ကျွန်ုပ်၏စိတ်ထဲတွင်ထင်နေခဲ့သောကြောင့် သူ့ထံသို့လည်ပတ်သွားရန်တုံ့ဆိုင်းနေခဲ့သည်။ သို့သော် နောက်ဆုံးတွင်သူနဲ့တွေ့ဆုံရန်သွားလိုက်သည်။

သူ၏ရှေးဟောင်းပရိဘောဂများ၊လစဉ်ကျသင့်ငွေအားဖြေရှင်းရန်သူ၏ဒင်္ဂါးပြားများအားမည်သို့မည်ပုံခွဲခြမ်းသိမ်းဆည်းရခြင်းအကြောင်း စကားများပြောပြီးနောက်၊သူ၏အမိကအကြောင်းအရာသို့ ရောက်ရှိလာခဲ့သည်။ “သင်၏စာအုပ်ထဲမှာပါတဲ့ ပစ္စည်းဥစ္စာဆိုင်ရာကောင်းချီးများအကြောင်းက ကျွန်ုပ်အတွက်မည်မျှစိန်ခေါ်မှုဖြစ်ခဲ့လဲဆိုတာသင့်ကို သိစေချင်တယ်” ဟုစတင်ပြောကြားခဲ့သည်။

“တကယ်လား” ဟုကျွန်ုပ်ပြန်ပြောခဲ့သည်။ အထီးကျန်နေထိုင်ရသော ဆင်းရဲသားသက်ကြီးရွယ်အိုတစ်ဦးထံသက်ရောက်မှုမရှိနိုင်သည့်၊ချမ်းသာကြွယ်ဝသောခရစ်ယာန်များအတွက်ရေးသားထားသည့် ကြွယ်ဝချမ်းသာမှုဆိုင်ရာ စာအုပ်တစ်အုပ်သည်သူ့အားလွှမ်းမိုးနေခြင်းကြောင့်ကျွန်ုပ်အနေဖြင့်အံ့အားသင့်ခဲ့သည်။

သူသည်အိုမင်းဆင်းရဲကာအထီးကျန်နေသူတစ်ယောက်မဟုတ်ပေ။အိုခြင်းနာခြင်းကင်းသော ခန္ဓာကိုယ်အသစ်အားမျှော်ကိုးသောသူ၊ သခင်ဘုရား၌ချမ်းသာကြွယ်ဝသူဖြစ်ပြီး၊ ဘုရားသခင်၏ မိသားစုဝင်အစစ်အမှန် တစ်ယောက်လည်းဖြစ်ပေသည်။

**တောင်းဆိုချက်။** ။ ယခုကဲ့သို့ ဆယ်ဖို့တစ်ဖို့နှင့်ကတိထားရာအလှူငွေများအားဘုရားသခင်ထံပြန်လည်ဆက်ကပ်နေစဉ်၊ ပျောက်ဆုံးနေသူများအား ကယ်တင်ရန် ဆုတောင်းပဌာနာပြုလျက်၊ကျွန်ုပ်တို့၏ဝင်ငွေများ၏ % များကိုစနစ်တကျဖယ်ထားဖို့ရန်ဘုရားသခင်အနေဖြင့်ကျွန်ုပ်တို့အားနိူးဆော်နေတော်မူသည်ကို လူတိုင်းပြန်လည်ဆင်ခြင်ကြပါစို့။

## ဥပုသ်အပတ်စဉ်(၄၉)
## ဒီဇင်ဘာလ(၅)ရက်
## “အလှူငွေကောက်ခံခြင်း သို့မဟုတ် ယုံကြည်ခြင်းတိုးပွားစေခြင်း”

တစ်ခါကတစ်စုံတစ်ယောက်ကပြောဖူးတယ်။ “ပဲနစ်(သို့)အကြွေစေ့တွေကိုဂရုစိုက်မယ်ဆိုရင်ပေါင်(ငွေ)တွေက သူ့အလိုလိုစုမိလာမယ်” တဲ့။

ငွေအကြွေးလေးတွေကိုသစ္စာရှိရှိဂရုစိုက်စေ့စပ်တဲ့အခါကြီးမားတဲ့ကုန်ကျစရိတ်တွေအတွက် လုံလောက်တဲ့ငွေရှိလာပါတယ်။

ဒါဟာဘုရားကျောင်းနဲ့သာသနာ့လုပ်ငန်းတွေကိုမှီခိုအားထားရတဲ့ရန်ပုံငွေတွေကိုစီမံခန့် ခွဲသူတွေအတွက်လည်းကောင်းမွန်တဲ့လမ်းညွှန်တစ်ခုပါပဲ။

ဒါပေမယ့် ခေါင်းဆောင်တွေဟာအကြွေစေ့လေးတွေအထိပါ သစ္စာရှိရှိစီမံခန့်ခွဲကြပါလျက် ဘုရားသခင်ကသူတို့ကိုတာဝန်ပေးထားတဲ့အရာအားလုံးကို လုပ်ဆောင်နိုင်ဖို့ပိုက်ဆံတွေမလုံလောက်သေးဘူးဆိုရင်ကော ဘယ်လိုလုပ်ရမလဲ။ သာသနာ့လုပ်ငန်းအတွက်ငွေပိုရအောင်အကောင်းဆုံးအလှူငွေကောက်ခံမှုနည်းပညာတွေနဲ့ ကိရိယာတွေကို သုံးသင့်သလား။

“ယုံကြည်ခြင်းတိုးပွားစေခြင်း” ဆိုတာဟာ ဘုရားသခင်၏ဘဏ္ဍာတော်အိမ်ကိုဖွင့်ပေးတဲ့သော့ချက်ပါပဲ။ ထိုဘဏ္ဍာတော်အိမ်ကို သူ၏အုပ်ထိန်းသူတွေက စီမံခန့် ခွဲကြပါတယ်။ အခြားသူတွေအပေါ် ဘုရားသခင်၏သစ္စာတော်ရှိပုံအကြောင်း ကိုယ်တိုင်ကြားရသောဇာတ်လမ်းများနှင့်သက်သေခံချက်များကိုကျွန်ုပ်တို့ ကြားသိရပြီး၊ သူ၏ကတိတော်တွေကိုစမ်းသပ်ကြည့်ကာ သူ၏ကောင်းချီးမင်္ဂလာတွေကို ကိုယ်တိုင်ခံစားရတဲ့အခါ ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်ပေးကမ်းခြင်းဟာတိုးပွားလာပါတယ်။

**တောင်းဆိုချက်**။ ။ သူသည် ကျွန်ုပ်တို့အားကောင်းချီးမင်္ဂလာ ဘယ်လိုပေးခဲ့တယ်ဆိုတာကိုသတိရကြပါစို့။ အခါအခွင့်သင့်သလိုဘုရားသခင်၏ကျေးဇူးတော်နှင့်သစ္စာတော်ရှိခြင်းအကြောင်းကျွန်ုပ်တို့၏သက်သေခံချက်များကိုမျှဝေခြင်းဖြင့်တစ်ဦးကိုတစ်ဦးယုံကြည်ခြင်းတိုးပွားအောင်လုပ်ဆောင်ကြစို့။

**ဥပုသ်အပတ်စဉ်(၅၀)**
**ဒီဇင်ဘာလ(၁၂)ရက်**
**“သတိထားကြပါ”**

ကိုလံဘီယာမှမူးယစ်ဆေးရောင်းဝယ်သူ Pablo Escobar သည်ကမ္ဘာ့ကိုကင်းရောင်းဝယ်မှု၏၈၀%အထိထိန်းချုပ်ထားသောမူးယစ်ဆေးကုမ္ပဏီစုကြီး၏ခေါင်းဆောင်ဖြစ်သည်။ သူ၏ညီ Roberto သည်ထိုကုမ္ပဏီစု၏စာရင်းကိုင်တစ်ဦးဖြစ်ပြီးThe Accountant’s Story: Inside the Violent World of the Medellin Cartel စာအုပ်ကိုရေးသားသူလည်းဖြစ်သည်။ ထိုစာအုပ်တွင် Robertoက“Pablo ဟာငွေသားအရမ်းအမြတ်ထွက်လွန်းတော့နှစ်စဉ်နှစ်တိုင်းကျွန်တော်တို့ပိုက်ဆံရဲ့၁၀%လောက်ကိုကြွက်တွေကကိုက်စားသွားလို့(သို့)ရေနဲ့စိုထိုင်းမှုကြောင့်အသုံးပြု၍မရနိုင်တော့လို့ရေးချပစ်လိုက်ရတယ်”ဟုဖွင့်ဟထားသည်။အချို့သောမှတ်တမ်းများအရEscober ၏ နှစ်စဉ်ကြွက်များအတွက်ဆယ်ဖို့တစ်ဖို့သည် ဒေါ်လာဘီလီယံကျော်အထိ ရှိသည်ဟုဆိုသည်။

ယေရှုခရစ်တော်က”သံချေးပိုးရွှဖျက်ဆီး၍သူခိုးထွင်းဖေါက်ခိုးယူရာမြေကြီးပေါ်မှာဘဏ္ဍာကိုမဆည်းဖူးကြနှင့်”(မဿဲ၆း၁၉)ဟုမိန့်တော်မူခဲ့သည်။ယေရှုသည်လောဘသားများအကြောင်းသိရှိတော်မူပြီးဖြစ်သည်။လုကာ ၁၂း၁၃-၂၁ တွင်ခရစ်တော်ပြောကြားခဲ့သောချမ်းသာသောလူမိုက်၏ပုံဥပမာပါရှိပြီး၊ ၄င်းမှာ သိပ်လှပသည်တော့မဟုတ်ပေ။

ကမ္ဘာမြေပြင်သည် လူတိုင်း၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော်လည်း လူတိုင်း၏လောဘကိုတော့မဖြည့်ဆည်းနိုင်ဟုဆိုရိုးရှိပါသည်။လောဘအမျိုးမျိုးတို့မှသတိထား၍ရှောင်ကြဉ်ကြပါစို့။

**တောင်းဆိုချက်**။ ။ ယနေ့ ကျွန်ုပ်တို့သည်ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့ကိုပြန်ဆပ်ခြင်းနှင့်ကတိသစ္စာဆုတောင်းလှူဒါန်းချက်များပေးကမ်းချိန်တွင်၊ကျွန်ုပ်တို့အတွင်း၌လောဘသားကြီးများရှိမရှိဘုရားသခင်ထံတောင်းလျှောက်ကြပါစို့။ ထို့နောက် သူ၏ထာဝရလမ်းခရီးသို့ကျွန်ုပ်တို့ကိုညွှန်ပြပို့ဆောင်တော်မူရန် လျှောက်ထားကြပါစို့။

## ဥပုသ်အပတ်စဉ်(၅၁)
## ဒီဇင်ဘာလ(၁၉)ရက်
## "ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ရှိသော ထာဝရကာလ"

"ယနေ့ကျွန်ုပ်ပြုမည့်အရာသည်ထာဝရကာလအတွက်အကျိုးသက်ရောက်မှုရှိမည်လား။" ဤမေးခွန်းသည်ယနေ့နှင့်နေ့စဉ်တိုင်းအတွက်အစီအစဉ်များကိုဆင်ခြင်သုံးသပ်ရန်စိန်ခေါ်လျက်ရှိသည်။ ကျွန်ုပ်တို့အားအပ်နှင်းထားသောအချိန်နှင့်ကောင်းချီးမင်္ဂလာများကိုဘုရားရှင်အားဘုန်းတော်ထင်ရှားစေမည့်နည်းလမ်းဖြင့်အစဉ်ဦးစားပေးအသုံးပြုရန်လိုအပ်သည်။

ယေရှုခရစ်တော်၏နောက်လိုက်တပည့်များအဖြစ်၊ဤကမ္ဘာပေါ် ရှိကျွန်ုပ်တို့၏အသက်တာသည်လှုပသာယာသောထာဝရကာလအတွက်အနည်းငယ်သောပြဿနာများနှင့်စတင်ရသော အခိုက်အတန့်လေးသာဖြစ်ကြောင်း အသေအချာသိနိုင်ပါသည်။ တမန်တော်ယောဟန်က "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသင်တို့သည် ထာဝရအသက်ကိုကိုယ်တိုင်ရသည်ဟုသိစေခြင်းငှါ၊ ဤအရာများကိုသင်တို့အား ငါရေး၍ပေးလိုက်၏" ဟုအားတက်ဖွယ်ရေးသားခဲ့ပါသည်။ (၁ယော ၅း၁၃)။

ကျွန်ုပ်တို့ပြုရမည်ကား ထိုကတိတော်ကိုလက်ခံရန်သာဖြစ်သည်။လက်ခံခြင်းအားဖြင့်ကျွန်ုပ်တို့၏ဆက်ဆံရေး၊အလုပ်အကိုင်၊ပညာရေး၊သုံးစွဲခြင်းနှင့်ပေးကမ်းခြင်းတို့နှင့်ပတ်သက်၍ ထိရောက်မှန်ကန်သောရွေးချယ်မှုများ လွတ်လပ်စွာပြုနိုင်သူများဖြစ်လာပါသည်။

ကျွန်ုပ်တို့အားလုံးယနေ့မှစ၍ထာဝရကာလအတွက်ရှင်သန်နိုင်ပါသည်။

**တောင်းဆိုချက်**။ ။ ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့နှင့်သင်ကတိပြုသောအလှူငွေများကိုယခုနှစ်ဆုံးပိုင်းဆက်ကပ်သောအခါ "ကျွန်ုပ်၏အစီအစဉ်များသည်ယနေ့နှင့်လာမည့်နှစ်အတွက်အမှန်တကယ်ထူးခြားစေမည်လား" ဟု သင့်ကိုယ်သင်ပြန်မေးပါ။ ပုံမှန်နှင့်စနစ်တကျပေးကမ်းခြင်းဖြင့်ကောင်းချီးမင်္ဂလာကိုကျေးဇူးတင်စိတ်ဖြင့်ဖော်ပြသောသစ္စာရှိဘဏ္ဍာစိုးအဖြစ်ထာဝရကာလအတွက်အကျိုးသက်ရောက်စေပါ။

## ဥပုသ်အပတ်စဉ်(၅၂)
## ဒီဇင်ဘာလ(၂၆)ရက်၊
## "၂၀၂၇ ခုနှစ်အတွက်ပေးကမ်းခြင်းအစီအစဉ်ရေးဆွဲခြင်း"

စနစ်တကျစွန့်ကြဲခြင်းသည်ဝင်ငွေ၏ရာခိုင်နှုန်းတစ်ခုကိုရည်ရွယ်ချက်ရှိရှိ၊စနစ်ကျကျဖြင့်ဘုရားသခင်၏အမှုတော်(ပြည်တွင်း၊ပြည်ပ)အတွက်သီးသန့်အာရုံစိုက်သောပြန်လည်ဆက်ကပ်သည့်နည်းလမ်းတစ်ခုဖြစ်ပါသည်။

လာမည့်နှစ်သစ်ကိုမျှော်ကြည့်ရင်း၊သခင်ယေရှုအားဖြင့်ဘုရားသခင်ပြုလုပ်ပေးသမျှသောကောင်းချီးများကိုရေတွက်ချီးမွမ်းရင်း၊ယနေ့ကျွန်ုပ်တို့ ပြုသောဆက်ကပ်ခြင်းကိုဆင်ခြင်ကြပါစို့။

ကုန်ဆုံးတော့မည့်ယခုနှစ်အတွင်းဘုရားသခင်သည်သင့်အားသာယာဝပြောစေပါသလား။ကိုယ်တော်အားပိုမိုယုံကြည်ကိုးစားတတ်ရန်နှင့်ပိုမိုမှီခိုဆက်ကပ်ပြီးနောက်၊သင့်ဝင်ငွေ၏ကတိ ရာခိုင်နှုန်းပုံမှန်ဆက်ကပ်ခြင်းကိုမြှင့်တင်ရန်ဖိတ်ခေါ်နေပါသည်။ တစ်ရာခိုင်နှုန်း၊နှစ်ရာခိုင်နှုန်း၊ငါးရာခိုင်နှုန်း (သို့မဟုတ်)ထိုထက်ပိုပြီးမြှင့်တင်ရန်စဉ်းစားပါသလား။

**တောင်းဆိုချက်**။ ။ လာမည့်နှစ်အတွင်းဆယ်ဖို့တစ်ဖို့အပြင်၊သင့်ဝင်ငွေ၏ရာခိုင်နှုန်းမည်မျှကိုကိုယ်တော်ဖိတ်ခေါ်ပါသနည်း။ ရှေ့တော်၌ကတိပြုရာတွင်မိမိကိုယ်ကိုနောက်ဆုံးထားပြီး၊ဘုရားသခင်အားပထမနေရာတွင်ထားရှိကြပါစို့။